မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ တပေါင်းလပြည့်နေ့၊ ၂၀၁၁ ခုနှစ်၊ မတ် ၁၉ ရက်၊ စနေနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၇၀)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက် ဇမ္ဗူ့ကျက် သ ရေ လမ်း ရှိ ဓာတုစယဓာတ်ပေါင်းစုစေတီတော်ပရိဝုဏ်တော်အတွင်း မဟာအဘိသန္ဓဗိမာန်တော်တွင် ကိန်းဝပ်စံနေတော်မူသော မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ဖူးတွေ့ရစဉ်။
(သတင်းစဉ်)

နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက် ဇမ္ဗူ့ကျက်သရေလမ်းရှိ ဓာတုစယဓာတ်ပေါင်းစုစေတီတော် ပရိဝုဏ်တော်အတွင်း မဟာအဘိသန္ဓဗိမာန်တော်တွင် ကိန်းဝပ်စံနေတော်မူသော မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအထွတ်၌ ဌာပနာတော်သွင်း၊ ရတနာမကိုဋ်တော်တင်လှူခြင်းနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကျင်းပ

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်ကြည်ညို၍ ဌာပနာတော်များကို သွင်းလှူပူဇော်

နေပြည်တော် မတ် ၁၈

နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက် ဇမ္ဗူ့ကျက်သရေလမ်းရှိ ဓာတုစယဓာတ်ပေါင်းစုစေတီတော် ပရိဝုဏ်တော်အတွင်း မဟာအဘိသန္ဓဗိမာန်တော်တွင် ကိန်းဝပ်စံနေတော်မူသော မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအထွတ်၌ ဌာပနာတော်သွင်း၊ မကိုဋ်တော်တင်လှူခြင်းနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါ မဟာအဘိသန္ဓဗိမာန်တော်၌ သာသနာတော်ဆိုင်ရာ ထုံးတမ်းစဉ်လာများနှင့်အညီ *စာမျက်နှာ ၆ ကော်လံ ၁* ✻

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအထွတ်၌ သွင်းလှူပူဇော်မည့် ဌာပနာတော်၊ ရတနာတော်၊ ရတနာမကိုဋ်အထွတ်တော်၊ ရတနာမကိုဋ်တော်နှင့် ရွှေသင်္ကန်းတော်တို့ကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းကြစဉ်။
(သတင်းစဉ်)

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၁ ခုနှစ် မတ် ၁၉ ရက်)

တပေါင်းလပြည့်နေ့အခါသမယ ကုသိုလ်ကောင်းမှုများပွားများ

ယနေ့သည် တပေါင်းလပြည့်နေ့ဖြစ်သည်။ တပေါင်းလသည် မြန်မာဆယ့်နှစ်လရာသီတွင် တစ်ဆယ့်နှစ်လမြောက်ဖြစ်ပြီး နောက်ဆုံးလဖြစ်သည်။ ဆောင်းအကုန် နွေအကူးဖြစ်၍ "နေ့ပူလို့ ညချမ်း တပေါင်းလသရမ်း" ဟု ဆိုစမှတ်ပြုကြသည်။

သာသနာတော်အလိုအားဖြင့် တပေါင်းလပြည့်နေ့ကို ဗုဒ္ဓမြတ်စွာပြည်တော်ဝင်အခါတော်နေ့အဖြစ် သတ်မှတ်ကျင်းပကြသည်။ ဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးကာ အင်္ဂတိုင်းနှင့် မဂဓတိုင်းတို့မှ ဒါယကာ၊ ဒါယိကာမများအား တရားရေအေး တိုက်ကျွေးလျက်ရှိသည်။ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးက ခေါင်းဆောင်အမတ် ၁၀ ဦးအား နောက်ပါအခြံအရံ တစ်ထောင်စီဖြင့် ၁၀ ကြိမ်ခွဲကာ ဘုရားပင့်ရန် ရာဇဂြိုဟ်သို့ စေလွှတ်တော်မူခဲ့သည်။ နောက်ဆုံးအသုတ်တွင် ကာဠုဒါယီအမတ်ကြီးက ဦးဆောင်သွားရပြီး ဘုရားတရားတော်နာရ၍ ရဟန္တာဖြစ်ကုန်ကြသည်။ ရဟန္တာဖြစ်ပြီးနောက် ကာဠုဒါယီမထေရ်က တပေါင်းလအခါသမယခရီး၏ သာယာပုံနှင့် ကပိလဝတ်နေပြည်တော်သို့ ကြွသင့်ကြောင်းကို ဂါထာပေါင်း ၆၄ ဂါထာဖြင့် သီကုံး၍ ခမည်းတော်၏ကျေးဇူးကို သိသောအားဖြင့် ဖွားရာဇာတိ ကပိလဝတ်နေပြည်တော်သို့ ကြွချိန်တန်ပြီဖြစ်ကြောင်း လျှောက်ထားလေသည်။ ထိုနေ့မှာ မဟာသက္ကရာဇ် ၁၀၃ ခုနှစ် တပေါင်းလပြည့်နေ့ဖြစ်သည်။

တပေါင်းလပြည့်ကျော် ၁ ရက်နေ့၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်မှ ကပိလဝတ်ပြည်သို့ တစ်ရက်လျှင် တစ်ယူဇနာခရီးဖြင့် ရက်ပေါင်း ၆၀ ဒေသစာရီ ကြွချီတော်မူခဲ့သည်။

တပေါင်းလပြည့်နေ့တွင် စေတီပုထိုးများ၌ ဗုဒ္ဓပူဇနိယပွဲတော်များ ကျင်းပကြသည်။ ပဋ္ဌာန်းတရားတော်များရွတ်ပွားပူဇော်ခြင်း၊ ဆွမ်းဆန်တော်လောင်းလှူခြင်း၊ သံဃာတော်များအား ဆွမ်း၊ ခဲဖွယ်များ ဆက်ကပ်ခြင်းတို့ကို တပေါင်းလပြည့်အခါသမယ၌ မြန်မာဗုဒ္ဓဘာသာဝင်တို့က ကျင်းပလေ့ရှိကြသည်။

ဗုဒ္ဓဘာသာဝင်သူတော်စင်များသည် ထူးမြတ်လှသည့်တပေါင်းလပြည့် အခါသမယနေ့တွင် တရားဘာဝနာများ ပွားများပြီး ကုသိုလ်ကောင်းမှုပြု၍ တစ်ဦးနှင့်တစ်ဦးမေတ္တာမပျက် ချစ်ခင်လျက် ကျင့်ကြံအားထုတ်နေထိုင်သွားကြသည်မှာ ရှေးကာလကပင် တည်ရှိခဲ့သော ကောင်းမြတ်သည့် အစဉ်အလာတစ်ရပ်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကုန်သည်/စက်မှုအသင်းချုပ်နှင့် ယူနန်ကိုယ်စားလှယ်အဖွဲ့တို့တွေ့ဆုံ

ရန်ကုန် မတ် ၁၈

ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်လွင်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ အလုပ်အမှုဆောင်များ၊ ညီနောင်အသင်းများမှ တာဝန်ရှိ ပုဂ္ဂိုလ်များအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်မှ Mr. Fan Daotong , Vice Chairman , China Council for the Promotion of International Trade, Yunnan Sub- Council ခေါင်းဆောင်သည့် အဖွဲ့ဝင်ခြောက်ဦး ပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် မတ် ၈ ရက် မွန်းလွဲပိုင်းက အသင်းချုပ်ရုံးသို့ လာရောက် တွေ့ဆုံခဲ့ကြသည်။

ဆွေးနွေး

အဆိုပါ တွေ့ဆုံပွဲတွင် ယူနန်ပြည်နယ် ကူမင်းမြို့၌ ဇွန် ၆ရက်မှ ၁၀ ရက်အထိ ကျင်းပမည့် The Kunming Fair and the 4th South Asian Countries Trade Fair အောင်မြင်စွာ ကျင်းပနိုင်ရေးကိစ္စရပ်များကို ရင်းနှီးစွာဆွေးနွေးကြကြောင်း သိရှိရသည်။ **(ကုန်သည်/စက်မှုအသင်းချုပ်)**

ချောင်းဦးမြို့နယ်၌ စိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်

ချောင်းဦး မတ် ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် မိတ္တသုခလယ်/ထွေအသင်းမှ အသင်းသားတောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်ပွဲကို မတ် ၇ ရက် နံနက် ၉ နာရီက ထူးနီကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ကျင်းပရာ အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး သမဝါယမ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်အောင်၊ ချောင်းဦးမြို့နယ် ဦးစီးအရာရှိ ဦးမျိုးမြင့်၊ မြို့နယ်အသင်းစုဥက္ကဋ္ဌ ဦးကံဌေးနှင့် အသင်းသား တောင်သူများ တက်ရောက်ကြသည်။

ပေးအပ်

ရှေးဦးစွာ တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်အောင်က တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် (စစ်ကိုင်း)က စိုက်ပျိုးစရိတ်ချေးငွေများကို တောင်သူများထံပေးအပ်သည်။ **(အပေါ်ပုံ)**

ထုတ်ချေး

တိုင်းဒေသကြီး သမဝါယမ အသင်းစုချုပ် (စစ်ကိုင်း)က စိုက်ပျိုးစရိတ်ချေးငွေကျပ် ၁၁၂ ဒသမ ၅ သိန်းကို ထုတ်ချေးခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

(၆၆)နှစ်မြောက် တပ်မတော်နေ့ ကြိုဆိုဂုဏ်ပြု ကဝမြို့၌ ဂဝံလမ်းသစ် ဖွင့်ပွဲကျင်းပ

ကဝ မတ် ၁၈

(၆၆)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သည့် ကဝမြို့ အမှတ်(၅)ရပ်ကွက် ကမ်းနားလမ်းအပိုင်း(၂) ဂဝံလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို မတ် ၁၅ ရက် နံနက်ပိုင်းက အဆိုပါမုခ်ဦး၌ ကျင်းပရာ ဖွင့်ပွဲအခမ်းအနားတွင် ကဝမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်ငြိမ်က အမှတ်(၅)ရပ်ကွက် ကမ်းနားလမ်းအပိုင်း(၂) ဂဝံလမ်းခင်းပေးခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဝင်းအောင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်ငြိမ်တို့က ဂဝံလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါ အမှတ်(၅)ရပ်ကွက် ကမ်းနားလမ်းသည် အရှည်ပေ ၃၀၀၀ ရှိပြီး ပေ၂၄၀၀မှာကတ္တရာလမ်းဖြစ်၍ ယခုပေ ၆၀၀ ကျော်ကို ဂဝံလမ်းခင်းပေးခြင်း ဖြစ်သည်။ ကဝမြို့ အမှတ်(၅)ရပ်ကွက်၊ ခမေကြီးကျေးရွာ၊ သပြေကန်ကျေးရွာ၊ မကြက်ကြီးကျေးရွာနှင့် သပြုကျေးရွာများမှ ဈေးသည်များ ကဝမြို့မဈေးသို့ ထွက်ကုန်သီးနှံများ လာရောက်ရောင်းချရာတွင် အသုံးပြုသည့် လမ်းတစ်လမ်းဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

ငွေဆောင်ကမ်းခြေဖွင့်လှစ်ခြင်း အထိမ်းအမှတ် နှစ်ပတ်လည်အခမ်းအနား ကျင်းပမည်

ရန်ကုန် မတ် ၁၈

မြန်မာနိုင်ငံ၏ အလှဆုံးကမ်းခြေများတွင် တစ်ခုအပါအဝင်ဖြစ်သော ငွေဆောင်ကမ်းခြေဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငွေဆောင်ကမ်းခြေကို နိုင်ငံတကာက ပိုမိုသိမြင်လာပြီး မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း မြှင့်တင်လာစေရန် ရည်ရွယ်ချက်များဖြင့် မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ် လက်အောက်ရှိ ငွေဆောင်ဇုန်တွင် ငွေဆောင်ကမ်းခြေဖွင့်လှစ်ခြင်းအထိမ်းအမှတ် နှစ်ပတ်လည်အခမ်းအနားကို မတ် ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနားတွင် တေးဂီတဖျော်ဖြေပွဲ၊ ကမ်းခြေဖက်ရှင် အလှပြပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် ကမ်းခြေအားကစားပြိုင်ပွဲများ ပါဝင်ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**



တစ်ချက်တည်း ကျင်းဝင်

ရန်ကုန် မတ် ၁၈

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ဂေါက်ကွင်း (မြကန်သာကွင်း)၌ ဦးထိန်ဝင်းသည် မတ် ၂ ရက်က ကစားဖော်များဖြစ်ကြသော ဦးအောင်မျိုး (Mogok Pride Co.)၊ ဦးဝင်းကို (ဝင်းမာလာအောင်ကုမ္ပဏီ)၊ ဦးထွန်းလွင် (Shwe Me Co.) တို့နှင့်အတူကစားစဉ် ကျင်းအမှတ် (၁၁)သို့ ၁၂၀ ကိုက်အကွာမှ Srixon-2 ဘောလုံးကို Honma Iron-5 တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရှိရသည်။ **(မြို့တော်ဂေါက်ကွင်း)**

စုပေါင်းဆောင်ရွက်

ကနီမြို့ ကမ်းနားဆိုင်းဘုတ်တွင် မြေယာရှင်းအလှပြုပြင်ဆောင်ရွက်နေမှုကို မတ် ၁၅ ရက်က အမှုဆောင်အရာရှိ ဦးတင့်လွင်နှင့် အဖွဲ့ရုံးဝန်ထမ်းများ စုပေါင်းဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

အထက(၂) လမ်းမတော် ကျောင်းသားဟောင်းများ မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၁၈

အထက(၂) လမ်းမတော် ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၂)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို မတ် ၂၀ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဝါးတန်းလမ်းရှိ ပန်ဒါဟိုတယ်၌ကျင်းပမည်ဖြစ်ရာ ကန်တော့ခံ ဆရာ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့်အလှူငွေများကို မတ် ၁၉ ရက်အထိ နေ့စဉ် မွန်းတည့် ၁၂ နာရီမှ ညနေ ၅ နာရီအထိ အထက(၂) လမ်းမတော်ကျောင်းရှိ မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သန်းသန်းညွန့်နှင့်အဖွဲ့ထံ လာရောက်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

ဆီဆိုင်မြို့တွင်းလမ်းများ မွမ်းမံပြင်ဆင်

ဆီဆိုင် မတ် ၁၈

ဆီဆိုင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ၂၀၁၀-၂၀၁၁ဘဏ္ဍာရေးနှစ် မြို့တွင်းလမ်းများ မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းဖြစ်သည့် သစ္စာလမ်းသွယ်(၄)နှင့် ဇလပ်လမ်းကျောက်ချောလမ်းခင်းခြင်း ဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၂၅ရက်က အမှုဆောင်အရာရှိ ဦးသိန်းမင်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ကွင်းဆင်းကြီးကြပ်ခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

ဝိုး အစဉ်သတိပြု

◆ *ကျောဖုံးမှ*

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းနှင့် မြန်မာစီးပွားရေး ကော်ပိုရေးရှင်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်စိုးတို့ တက်ရောက်ကြပြီး China Development Bank ဒုတိယဥက္ကဋ္ဌ Mr. Zhong Shujun နှင့်အတူ ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် စီးပွားရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

ရန်ကုန် မတ် ၁၈

ယခုအပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၇) အမှတ်(၁၁)တွင် အထူးစီးပွားရေးစက်မှုဇုန်ဥပဒေနှင့် နိုင်ငံတကာသံတမန်များ၏အမြင်များ အပါအဝင် သတင်းများဝေဝေဆာဆာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

ယင်းအပြင် မော်တော်ယာဉ်များ ဆီဝယ်ယူခွင့်စာအုပ်ဖြင့် တစ်နေ့တစ်ကြိမ်သာ ဝယ်ယူခွင့်ရရှိတော့မည်ဟုဆို၊ အရန်မီးသတ်အင်အား မြန်မာနိုင်ငံတစ်ဝန်း အိမ်ထောင်စုတစ်စုလျှင် တစ်ဦးနှုန်းပါဝင်ရန် စည်းရုံးတိုးချဲ့သွားမည်၊ စာနယ်ဇင်း အဓိကအရောင်းဆိုင် Media Corner များ ဖွင့်လှစ်မည်၊ ကိုကို-စက်မှုတက္ကသိုလ် ရေးသားသည့် အစွလာမ္မာဘတ်၊ လာဟိုးနှင့်ချစ်ကြည်ရေး နွေဦးခရီးသည် ခရီးသွားဆောင်းပါး၊ အပူရှပ်တယ်ဆိုရာဝယ် ကျန်းမာရေးသုံးသပ်ဆောင်းပါး၊ ဘုရင့်နောင်ကုန်စည်ဈေးကွက်နှင့် မန္တလေးကုန်စည်ဈေးကွက် သတင်းများ၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ အင်တာနက် ဆက်သွယ်ရေးစနစ်နှင့် Connection ပြဿနာ အကြောင်း စသည့် ဖျော်ဖြေရေးကဏ္ဍများ၊ ပြည်တွင်းသတင်းများ ဝေဝေဆာဆာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

စုံလင်စွာပါရှိ

ဂျပန်နိုင်ငံသမိုင်းတွင် အဆိုးရွားဆုံး အင်အားပြင်းငလျင်လှုပ်ခတ်ခဲ့ရာ ပျက်စီးဆုံးရှုံးမှု မြင်ကွင်းသတင်းဓာတ်ပုံများနှင့် သတင်းအပြည့်အစုံ၊ ပြင်သစ်ဘဏ္ဍာရေးဝန်ကြီးဌာနရှိ ကွန်ပျူတာအလုံး ၁၀၀၀၀ ကို ဟက်ကာများဝင်ရောက်တိုက်ခိုက်၊ ဝိတ်မချတဲ့ဝန်ထမ်းကို ကုမ္ပဏီက အလုပ်ဖြုတ်သတဲ့၊ မှုခင်းရေးရာကဏ္ဍ၊ မွေးနေ့ရှင်အဆိုအမိန့်၊ ကျန်းမာရေးကဏ္ဍ၊ နည်းပညာကဏ္ဍ၊ စီးပွားရေးသုံးသပ်ဆောင်းပါးများ စုံလင်စွာပါရှိသည်။ **(သတင်းစဉ်)**

မတ် ၁၈ ရက်က အပြည်ပြည်ဆိုင်ရာ သိုင်းဗန်တိုအဖွဲ့ချုပ် (လော့ဆန်း၊ ဆွစ်ဇာလန်နိုင်ငံ)၏ ဖိတ်ကြားချက်အရ လော့ဆန်းလေ့လာရေးခရီးစဉ်နှင့် ပြင်သစ်နိုင်ငံ ပါရီမြို့၌ ကျင်းပမည့် (Martial Arts Show of Paris-Bercy) သို့ တက်ရောက်ရန် မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် အမှုဆောင်ဆရာကြီး ဦးမင်းယက္ခနှင့် သိုင်းသရုပ်ပြအဖွဲ့ ပြည်ပသို့မထွက်ခွာမီ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။ (သိုင်းအဖွဲ့ချုပ်)

တပ်မတော်စိုက်ပျိုးရေးသင်တန်းဆင်းပွဲကျင်းပ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ ထူးချွန်ဆုများချီးမြှင့်

ရန်ကုန် မတ် ၁၈

တပ်မတော်စိုက်ပျိုးရေးသင်တန်း အမှတ်စဉ်(၆၉) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် မြန်မာ့ဆန်စပါး သုတေသနဌာနရှိ တပ်မတော်စိုက်ပျိုးရေးသင်တန်းကျောင်းခန်းမ၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ တက်ရောက်သည်။

ရှေးဦးစွာ ဗိုလ်ချုပ်တင်ငွေသည် မြန်မာ့ဆန်စပါး သုတေသနဌာန မြေညီထပ်၌ ခင်းကျင်းပြသထားသည့် မြန်မာ့ဆန်စပါး သုတေသနဌာနမှ ထုတ်ဝေဖြန့်ဖြူးသော စပါးမျိုးများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် သင်တန်းဆင်းပွဲ အခမ်းအနားကို တပ်မတော်စိုက်ပျိုးရေး သင်တန်းကျောင်းခန်းမ၌ ကျင်းပရာ ဗိုလ်ချုပ်တင်ငွေက "နိုင်ငံတော်၏ လယ်ယာထုတ်ကုန်စွမ်းအား ပိုမိုတိုးမြှင့်နိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်ကြရေး၊ တပ်မတော်၏ စိုက်ပျိုးရေး လုပ်ငန်းများတွင် အထောက်အကူဖြစ်စေရေးနှင့် ခေတ်မီစိုက်ပျိုးရေး ပညာရပ်များ ဆင့်ပွားပညာပေးနိုင်ကြရေး" တို့နှင့်စပ်လျဉ်း၍ သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းထူးချွန်ဆုနှင့် သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ချီးမြှင့်ကာ သင်တန်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အဆိုပါ တပ်မတော်စိုက်ပျိုးရေး သင်တန်းအမှတ်စဉ်(၆၉)သင်တန်းသို့ သင်တန်းသား ၃၁ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၄ ပတ် ကြာမြင့်ကြောင်း သိရှိရသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဗိုလ်ချုပ်တင်ငွေသည် ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိပြီး ပြည်ပမှ ဆိုက်ရောက်ခရီးသည်များအား သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန အဏုမြူစွမ်းအင်ဦးစီးဌာနမှ တာဝန်ရှိသူများက အဏုမြူဓာတ်ရောင်ခြည် သင့်/မသင့်စစ်ဆေးသည့် ကိရိယာ(Radiation Detector) များဖြင့် စစ်ဆေးနေမှုကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါလုပ်ငန်းကို ယနေ့မှစတင်၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ရန်ကုန်ဆိပ်ကမ်းတို့၌ စတင်ဆောင်ရွက်ပြီး ဂျပန်နိုင်ငံမှ ဆိုက်ရောက်ခရီးသည်များနှင့် ဂျပန်နိုင်ငံမှတစ်ဆင့် ဖြတ်သန်းဝင်ရောက်လာကြသော ပြည်ပဆိုက်ရောက်ခရီးသည်များနှင့် ၎င်းတို့၏ ပစ္စည်းများ၌ အဏုမြူဓာတ်ရောင်ခြည်သင့်မှု ရှိ/မရှိကို စနစ်တကျ ကြပ်မတ်စစ်ဆေးတိုင်းတာသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပေးအပ်ချီးမြှင့်

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ တပ်မတော်စိုက်ပျိုးရေး သင်တန်းအမှတ်စဉ်(၆၉) သင်တန်းတွင် ထူးချွန်ဆုရရှိသူအား ဆုပေးအပ်ချီးမြှင့်စဉ်။
(သတင်းစဉ်)

မြန်မာ့ကျောက်မျက်ရတနာပြပွဲ နဝမနေ့ ဆက်လက်ကျင်းပ

နေပြည်တော် မတ် ၁၈

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျင်းပရေးဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၁၁ ခုနှစ် (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ နဝမနေ့ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်အနီး မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။

ကြည့်ရှုလေ့လာ

နံနက်ပိုင်းမှစတင်ကာ ပြည်တွင်းပြည်ပရတနာကုန်သည်များသည် မတ် ၁၉ ရက်မှ ၂၂ ရက်အတွင်း ဈေးပြိုင်စနစ်ဖြင့် ရောင်းချမည့် မဏိရတနာ ကျောက်စိမ်းခန်းမ အပေါ်ထပ်ပြခန်းအတွင်း ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာ၍ ဝယ်ယူလိုရာ ကျောက်စိမ်းအတွဲများအလိုက် စစ်ဆေးခြင်း၊ မှတ်သားခြင်းများပြုလုပ်ကြသည်။

အလားတူ ပြည်တွင်းကျောက်မျက်ရတနာကုန်သည်များ၏ ကျောက်မျက်ရတနာပစ္စည်း အရောင်းဆိုင်များတွင်လည်း ဝယ်ယူသူ၊ ကြည့်ရှုလေ့လာသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ယနေ့ နဝမနေ့(၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲသို့ ပြည်တွင်း ပြည်ပ ရတနာကုန်သည် ၈၇၀၁ ဦး လာရောက်ကြပြီး တင်ဒါစနစ်ဖြင့်ရောင်းချသည့် ကျောက်စိမ်းအတွဲ စုစုပေါင်း(၂၄၆၄)တွဲကို အပြိုင်အဆိုင် ဝယ်ယူကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့နေ ဦးဝင်းနိုင်-ဒေါ်ခင်မြဝင်း (သာလွန်စာအုပ်တိုက်) မိသားစုက ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ငရုတ်ကောင်းမြို့ ဘုရားချောင်းရွာ ကျောင်းမွှာရုံဆောက်လုပ်ရန်အတွက် ဒုတိယအကြိမ် အလှူငွေကျပ် ၁၀ သိန်းကို ဖေဖော်ဝါရီ ၁၉ ရက်က လှူဒါန်းရာ ဂေါပကလူကြီးများဖြစ်ကြသော ဦးတင်နုနှင့် ဦးကျော်ရွှေတို့ အလှူငွေလက်ခံစဉ်။ (မြန်မာ့အလင်း)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၉-၃-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
၅:၂၀	MRTV-4 သတင်း
၅:၅၀	**ရာသီမသိ ပန်းနှင့်ညို** တရားတော် (ဆရာတော် ဘဒ္ဒန္တ ဒေါက်တာ စန္ဒာဝရာဘိဝံသ)
၆:၅၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၄၇)
၇:၃၀	MRTV-4 သတင်း
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၅)
၈:၄၅	**ပျော်စရာကြီး** Live Show (အပိုင်း-၁)
၉:၂၀	ဒဂုံဆယ်တော်မူစေတီနှင့် ရွှေလင်းယုန်ဆရာတော် သာသနာပြုလုပ်ငန်းများ
၉:၄၀	Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၁၀:၁၀	မွန်မြတ်သောအလှူကုသိုလ်ယူ
၁၀:၂၅	လောကီလောကုတ္တရာ နှစ်ဖြာချမ်းသာ ဝိသာခါ
၁၀:၄၅	သွားမယ်စားမယ် (Yin Fong Seafood)
၁၀:၅၅	Sports Diary
၁၁:၄၀	ပန်းချီပြခန်း (Step by Step ပန်းချီပြပွဲ)
၁၁:၅၅	ရန်ကုန်မြင်ကွင်းကျယ် (Smart pen For Smat kids)
၁၂:၁၀	**စာအုပ်စာပေလူ့မိတ်ဆွေ** စာရေးဆရာကြီး ဒေါက်တာ ဦးသန်းထွန်း (ရွှေဘို)နှင့် တွေ့ဆုံမေးမြန်းခြင်း
၁၂:၃၀	ရှင်သန်နေအောင် အစဉ်ထမ်းဆောင် မြင်းခြံသဒ္ဓမ္မပါလဂုဏ်ရောင်
၁:၀၀	**ရာသီမသိ ပန်းနှင့်ညို** တရားတော် (ဆရာတော် ဘဒ္ဒန္တ ဒေါက်တာစန္ဒာဝရာဘိဝံသ)
၂:၀၀	MRTV-4 သတင်း
၂:၂၀	VJ Choice
၃:၀၀	Activities in the City (SONY's 3D Projector မိတ်ဆက်ပွဲအခမ်းအနား)
၃:၁၀	Jewelry Show of the Year 2011 (The Rich Gems) (Part-1)
၃:၄၀	Activities in the City (Ebara Hatakeyama Memorial Fund Esith MTG Motors Trading Co., Ltd တို့၏ ဟောပြောပွဲ)
၄:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၅)
၄:၅၅	ထားဝယ်အသင်း သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ
၅:၁၅	Movie Talk (ဒါရိုက်တာ ကြည်စိုးထွန်း၊ မြင့်ကြည်) (အပိုင်း-၃)
၅:၃၀	ဂဏန်းသင်္ချာပျော်စရာ (အပိုင်း-၄)
၆:၀၀	MRTV-4 သတင်း
၆:၂၀	အမျိုးသမီးများနှင့် နှလုံးသွေးကြောရောဂါအကြောင်း သိကောင်းစရာ
၆:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၄၈)
၇:၃၀	**ပျော်စရာကြီး** Live Show (အပိုင်း-၂)
၈:၀၀	MRTV-4 သတင်း
၈:၃၀	Kid's Show (ရွှေပြည်နန်းကလေးသရုပ်ဆောင်ပြိုင်ပွဲ)
၉:၀၀	ဖက်ရှင်လမ်းညွှန် (အပြာရောင်ဖက်ရှင်)
၉:၂၅	**Barclays Premier League West Brom Vs Arsenal**
၁၁:၂၅	သူတို့ပြောတဲ့ သူတို့အကြောင်း (တေးသံရှင်ဖိုးကာနှင့် တွေ့ဆုံခြင်း) (အပိုင်း-၂)
၁၁:၅၅	**Barclays Premier League Everton Vs Fulham**
၁:၅၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၆)
၂:၄၀	မြတ်ဗုဒ္ဓ၏ မဟာဗုဒ္ဓဝင်
၂:၅၅	ဓီးအိုရှာနှင့် သဘာဝအင်ကြင်းတော
၃:၀၀	မွန်တို့မြေမှ ရှေးဟောင်းအမွေအနှစ်တို့ တည်ရှိရာ
၃:၂၅	ဝင့်ကြွားအားမာန် ကတိုက်တမံ
၃:၃၀	ဆင်စွယ်ပန်းပု အခြေပြု လူ့လောကကို အလှဆင်မည်
၃:၅၀	World of Knowledge (Chasing Earthquakes)
၄:၃၅	ဖူးရောက်စေချင်သည် ဗန္ဓုသေလာဆံတော်ရှင် စေတီတော်ကြီးဆီ
၄:၄၅	ရှင်တော်မဟာမုနိ.. ဘဂဝါပူဇေမိ
၅:၀၀	အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇:၁၀	Tottenham - West Ham	ESPN (Live)
၉:၂၅	Man U - Bolton	ESPN (Live)
	West Brom - Arsenal	STAR SPORTS (Live)
၁၁:၅၅	Everton- Fulham	ESPN (Live)
၁၂:၀၀	Aston Villa - Wolverhampton	STAR SPORTS (SDD)

တပေါင်းလပြည့်နေ့နှင့် တပ်မတော်နေ့တို့တွင် လော်ကားဥယျာဉ်ဖွင့်မည်

ရန်ကုန် မတ် ၁၈

သစ်တောဦးစီးဌာန လော်ကားဥယျာဉ်ကို နေ့စဉ်ပုံမှန် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထားသော်လည်း မတ် ၁၉ ရက်(တပေါင်းလပြည့်နေ့) နှင့် မတ် ၂၇ ရက် (တပ်မတော်နေ့)တို့တွင် အများပြည်သူများ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ အပန်းဖြေအနားယူနိုင်ရန်အတွက် နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ အချိန်တိုးမြှင့်ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

LUCKY BIRD ၏ IT-SHOP ပြခန်း True Value ပြခန်း၊ TOSHIBA ပြခန်းများပြသ

ရန်ကုန် မတ် ၁၈

IT & Mobile Exhibition 2011 ကို မတ် ၁၈ ရက်မှ ၂၁ ရက်အထိ တပ်မတော်ခန်းမ၌ ခင်းကျင်းပြသထားရာ Lucky Bird Group of Companies ၏ IT Shop ပြခန်း၊ True Value ပြခန်းနှင့် Toshiba ပြခန်းများ ပါဝင်ပြသလျက်ရှိသည်။ **(အောက်ပုံ)**

ပြသထား

Lucky Bird ၏ IT Shop ပြခန်းတွင် Toshiba Notebook, Copier များ၊ Remaco/EZ အမှတ်တံဆိပ် Projector Screen များ၊ USA အမှတ်တံဆိပ် Infocus Projectors များ၊ အရည်အသွေး မြင့်မားပြီး ဈေးနှုန်းချိုသာသော Optoma Projectors များ၊ နောက်ဆုံးပေါ်နည်းပညာပစ္စည်း အသစ်အဆန်းများကို ပြသထားသည်။

ထို့ပြင် GIS Solution နှင့်မြေပုံထုတ်လုပ်ခြင်းများ၊ Geo Informatic Solution များဖြစ်သည့် Remote Sensing နှင့် Satellite Image များ၊ မြေပြင်အနေအထားကို Analysis ပြုပြင်နိုင်ရန် Survey Solution များ၊ လုပ်ငန်းနေရာ သတ်မှတ်ရွေးချယ်ခြင်း၊ လမ်း၊ တံတားတည်ဆောက်ရေးအတွက် Surveying၊ သဘာဝသယံဇာတ တူးဖော်ခြင်းအတွက် Geologic Field Survey လုပ်ငန်းများ အစရှိသည့် အဆင့်မြင့်နည်းပညာ Solution များကို ပြသထားသည်။

ဆက်သွယ်နိုင်

LUCKY BIRD Show Room များဖွင့်လှစ်ထားသည့် ရန်ကုန်မြို့ အမှတ် ၃၅၅ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ဖုန်း-၃၉၉၀၁၁၊ ၃၇၉၈၇၅၊ မန္တလေးမြို့ အမှတ် ၁၀၀၊ ၇၅လမ်းနှင့် ၃၁လမ်းထောင့် ဖုန်း-၀၂-၇၃၄၇၈ နှင့် နေပြည်တော် သပြေကုန်းဈေး အနောက်မြောက်အပိုင်း ဖုန်း-၀၆၇-၄၁၄၁၁၃ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အမေ့ဂုဏ်ရည်ကိုဖွဲ့ဆိုသီကျူးသည့် မြင်းမိုရ်ဦးသို့ ဖူးမြင်ခြင်း
ကဗျာများ စာအုပ်ထုတ်ဝေ

ရန်ကုန် မတ် ၁၈

ဤလောက၌ အမေ့မေတ္တာသည် ပင်လယ်သမုဒ္ဒရာထက် ကျယ်ဝန်း၏၊ အမေ့ကျေးဇူးသည် မြင်းမိုရ်တောင်ဦးမက ကြီးမား၏၊ အမေသည် သားသမီးတို့အတွက် နားခိုရာ အရိပ်ကောင်း ဖြစ်သကဲ့သို့ အားကိုးအားထားပြုရာ သူရဲကောင်းလည်းဖြစ်၏၊ ထိုကဲ့သို့ ချီးကျူးဖွဲ့ဆို၍ မကုန်နိုင်သော အမေ့ဂုဏ်ရည်ကို ဖွဲ့ဆိုသီကျူးထားသည့် မြင်းမိုရ်ဦးသို့ ဖူးမြင်ခြင်း ကဗျာများ စာအုပ်ကို နိုင်ငံ့ဂုဏ်ရည် စာပေတိုက်က ထုတ်ဝေဖြန့်ချိလိုက်သည်။ အမေကို ချစ်သော၊ အမေကို မြတ်နိုးသော၊ အမေ့ကျေးဇူး အမေ့တန်ဖိုးကို သိနားလည်သော သားသမီးတိုင်း တစိမ့်စိမ့် တသိမ့်သိမ့် ဖတ်ရှုနိုင်ကြစေရန်အတွက် မြင်းမူ မောင်နိုင်မိုး၊ ဇော်မင်းမင်းဦး၊ စလင်းဘုန်းကျော်၊ မောင်စိမ်းနောင် (လယ်ဝေး)၊ မျိုးမြတ်မြတ်မြင့်မောင်တို့က ရေးဖွဲ့ထားပြီး ပုဒ်ရေ ၅၄ ပုဒ်ပါဝင်သည်။

ပီပီသသရေးဖွဲ့

ဤစာအုပ်၏ ထူးခြားချက်မှာ ရေးသားဖွဲ့ဆိုကြသော ကဗျာစာဆိုများသည် အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆု၊ ပခုက္ကူ ဦးအုံးဖေ စာပေဆု၊ တပ်မတော်နေ့ အထိမ်းအမှတ် ပြိုင်ပွဲဝင် ကဗျာဆု အစရှိသည့် နိုင်ငံတော်က ချီးမြှင့်သော စာပေဆုများကို အသီးသီး ရရှိထားသူများဖြစ်ပြီး တစ်ဦးချင်းစီ၏ အမေ့အပေါ်ထားရှိကြသော စေတနာအလှ၊ မေတ္တာအလှ၊ နားလည်သိတတ်ခြင်း အလှတရားများကို ကဗျာဖတ်သူများ ရသမြောက်စွာ ခံစားနိုင်ကြရန် မြန်မာကဗျာ ပီပီသသရေးဖွဲ့ထားကြခြင်းပင် ဖြစ်ပါသည်။

ပန်းချီမောင်ညီညီက မျက်နှာဖုံးသရုပ်ဖော်ရေးဆွဲထားပြီး တစ်အုပ်လျှင် ငွေကျပ် ၁၅၀၀နှုန်းဖြင့် နိုင်ငံ့ဂုဏ်ရည်စာပေတိုက် (၁) ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အဆောက်အအုံ ရန်ကုန်မြို့ ဖုန်း-၃၇၄၅၃၂၊ နိုင်ငံ့ဂုဏ်ရည်စာပေတိုက် (၂) ရန်ကင်းပညာရေးကောလိပ်နှင့် ရန်ကင်းကြေးအိုးဆိုင်ကြား သစ္စာလမ်းမကြီး ရန်ကင်းမြို့နယ် ဖုန်း-၇၂၅၅၃၀တို့နှင့် တစ်ပြည်လုံးရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ကန့်ဘလူမြို့ မြို့မဈေး မီးဘေးလုံခြုံရေးအတွက် ဆောင်ရွက်ထားရှိမှုနှင့် မီးသတ်ရေငုတ်များ ထားရှိမှုကို ဖေဖော်ဝါရီ ၁၉ ရက်က စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသစ်ထူးမြင့် ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

တပေါင်းမိုး

၁၈-၃-၂၀၁၁

မြဝတီမြို့	၃ ဒသမ ၉၄ လက်မ
ကျိုက်မရောမြို့	၃ ဒသမ ၁၄ လက်မ
ဘားအံမြို့	၂ ဒသမ ၂၈ လက်မ
ချောင်းဆုံမြို့	၁ ဒသမ ၈၉ လက်မ

တောင်ပိုင်းဒေသများ မိုးဆက်လက်ရွာနိုင်

နေပြည်တော် မတ် ၁၈

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ နေ့အပူချိန်များမှာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ကရင်ပြည်နယ်တို့တွင် မတ်လ၏ပျမ်းမျှအပူချိန်တို့အောက် ၁၅ ဒီဂရီစင်တီဂရိတ်မှ ၂၀ ဒီဂရီစင်တီဂရိတ်အထိ၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့အောက် ၁၀ ဒီဂရီစင်တီဂရိတ်မှ ၁၅ ဒီဂရီစင်တီဂရိတ်အထိ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် မတ်လ၏ပျမ်းမျှအပူချိန်အောက် ၉ ဒီဂရီစင်တီဂရိတ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ပျမ်းမျှအပူချိန်တို့အောက် ၄ ဒီဂရီစင်တီဂရိတ်မှ ၈ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မတ် ၁၉ ရက် ညနေအထိ ခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းတိုက်ခတ်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မတ်လ တတိယ ရက်သတ္တပတ်ကုန် ရက်များအတွက် မိုးလေဝသ ခန့်မှန်းချက်မှာ လာမည့်သီတင်းပတ်ကုန်ရက်များအတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မြန်မာ့အလင်း သဘာဝဘေးအန္တရာယ်သတင်း သဘာဝဘေးအန္တရာယ်သတင်း

ပေါက်ကွဲဓာတ်ပေါင်းဖိုများ ရဟတ်ယာဉ်များဖြင့် ရေပန်း

တိုကျို မတ် ၁၈

အင်အားပြင်းငလျင်နှင့် ဆူနာမီဒဏ်ခံစားခဲ့ရသော ဂျပန်နိုင်ငံတွင် ဖူကူရှီးမားဒိုင်အီချီ နျူကလီးယားစက်ရုံမှ ဓာတ်ပေါင်းဖိုများ ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာမှ ထွက်ပေါ်လာသော ဓာတ်ငွေ့ယိုစိမ့်မှုများကို ဟန့်တားရန်နှင့် ဓာတ်ရောင်ခြည်များဖြာထွက်မှု ထိန်းချုပ်နိုင်ရေးအပြင် ဓာတ်ပေါင်းဖိုများအား အအေးဓာတ် ပေးရန်တို့အတွက် ဂျပန်စစ်ဘက်မှ ရဟတ်ယာဉ်များ အသုံးပြုပြီး ဝေဟင်မှ ရေဖျန်းချမှုများ ဆောင်ရွက်လျက်ရှိသည်။

ပျက်စီးခဲ့

ဖူကူရှီးမားနျူကလီးယားစက်ရုံရှိ ဓာတ်ပေါင်းဖိုအမှတ် ၃ နှင့် အမှတ် ၄ တို့အပေါ်သို့ ဂျပန်စစ်ဘက်မှ စီအိတ်ချ်-၄၇ ချီနွတ်ရဟတ်ယာဉ်များဖြင့် ပင်လယ်ရေ တန်ချိန်ပေါင်းများစွာကို ဝေဟင်မှနေ၍ ဖျန်းချနေကြောင်း ဂျပန်အရာရှိများက ပြောကြားသည်။ အမှတ် ၁ ဓာတ်ပေါင်းဖိုမှာ မတ် ၁၂ ရက်က ပေါက်ကွဲခဲ့ပြီး ၇၀ ရာခိုင်နှုန်း ပျက်စီးကာ အမှတ် ၂ ဓာတ်ပေါင်းဖိုမှာ မတ် ၁၅ ရက်၌ ပေါက်ကွဲခဲ့ပြီး ၃၃ ရာခိုင်နှုန်းပျက်စီးခဲ့သည်။ **(အောက်ပုံ)**

အမှတ် ၃ ဓာတ်ပေါင်းဖိုမှာ မတ် ၁၄ ရက်က ပေါက်ကွဲခဲ့ပြီး ဓာတ်ပေါင်းဖိုအမိုးလည်း ပျက်စီးကာ ဝေဟင်သို့ မီးခိုးများလွင့်ပျံနေခဲ့သည်။ အမှတ် ၄ ဓာတ်ပေါင်းဖိုမှာလည်း ပေါက်ကွဲရန် အနေအထားရှိနေပြီး လောလောဆယ်၌ မီးလောင်မှုဖြစ်ပွားလျက်ရှိသည်။ အမှတ် ၅ နှင့် အမှတ် ၆ ဓာတ်ပေါင်းဖိုများမှာလည်း အပူချိန်မြင့်တက်၍ ပေါက်ကွဲရန်တာဆူနေပြီ ဖြစ်ကြောင်း နျူကလီးယား ကျွမ်းကျင်သူများက ပြောကြားသည်။

မိုးမြင့်လင်းလက် - စုစည်းသည်

ဖူကူရှီးမား စီရင်စုတွင် ပြည်သူ ၁၀၀၀၀ ခန့်အား ဓာတ်ရောင်ခြည်ထိတွေ့ခံစားရမှု ရှိ မရှိ စတင်စစ်ဆေးနေပြီဖြစ်သည်။ လောလောဆယ်တွင် ခြောက်ဦး၌ ဓာတ်ရောင်ခြည် ထိတွေ့မှုရှိကြောင်း စမ်းသပ်တွေ့ရှိရပြီး ၂၆ ဦးကို ဓာတ်မှန်စစ်ဆေးမှု ဆက်လက်ပြုလုပ်လျက်ရှိသည်။ ဒေသခံများအား မျက်နှာဖုံး၊ လက်အိတ်နှင့် ခန္ဓာကိုယ်အစိတ်အပိုင်းများအားလုံး လုံခြုံမှုရှိစေရေး ဝတ်စားဆင်ယင်ထားရန်လိုကြောင်း သတိပေးထားသည်။

ငလျင်နှင့် ဆူနာမီဒဏ်ကြောင့် ပြည်သူ ၄၅၀၀၀၀ ခန့်မှာ ယာယီကယ်ဆယ်ရေးစခန်းများ၌ နေထိုင်ရဆဲဖြစ်သည်။ မတ် ၁၈ ရက်အထိ သေဆုံးသူဦးရေမှာ တရားဝင်စာရင်းများအရ ၇၀၀၀ ခန့် ရှိကြောင်း ထုတ်ပြန်ထားသော်လည်း အပျက်အစီးများအောက်၌ သေဆုံးသူဦးရေ အများအပြား ရှိနေဆဲပင်ဖြစ်သည်။ နေအိမ်အဆောက်အအုံ ၁၀၀၃၀၀ ခန့် ပျက်စီးခဲ့ပြီး မီယာဂီ၊ ဖူကူရှီးမားနှင့် အီဂါတာမြို့များတွင် အဆိုးရွားဆုံး ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း ဂျပန်မီဒီယာများက ဖော်ပြသည်။ **(အင်တာနက်)**

ဘုရားဖြူ ဝိနည်းစာတော်ပြန်ပွဲ စာအောင်ဆုနှင်းသဘင် ကျင်းပ

ရန်ကုန် မတ် ၁၈

ရန်ကုန်တိုင်းဒေသကြီးလုံးဆိုင်ရာ ဝိနယာနုဂ္ဂဟအသင်းကြီး၏ (၇၉)ကြိမ်မြောက် ဘုရားဖြူဝိနည်းစာတော်ပြန်ပွဲ စာအောင် ဆုနှင်းသဘင်အခမ်းအနားကို မတ် ၁၃ရက် နံနက် ၉ နာရီက ရန်ကုန် အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက်၌ ကျင်းပသည်။

လှူဒါန်း

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး သာသနာရေးဦးစီးဌာန တိုင်းဒေသကြီး သာသနာရေးဦးစီးမှူး ဦးဇော်ဇော်ဦးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဝိနယာနုဂ္ဂဟအသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ အလှူရှင်များက ဝိနယပါရဂူ စာချတန်း၌ ဝိနည်းတော်ငါးကျမ်းကို တစ်နှစ်တည်း၊ တစ်ကြိမ်တည်း ဂုဏ်ထူးဖြင့်ဖြေဆို အောင်မြင်တော်မူခဲ့သော ဒေါပုံမြို့နယ် သာသနာ့အလင်းရောင်ကျောင်းတိုက်မှ အရှင်ဂုဏဝံသအပါအဝင် စာအောင်သံဃာတော် အရှင်မြတ် ၁၇၆ပါးတို့အား စာအောင်ဆုနှင့် အောင်လက်မှတ်များ၊ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

၂၀၁၀–၂၀၁၁ ခုနှစ် ဘိန်းစိုက်ရာသီအတွင်း ဘိန်းခင်း ၁၆၁၅၁ ဒသမ ၁ ဧက ဖျက်ဆီးနိုင်ခဲ့ပြီးဖြစ်

နေပြည်တော် မတ် ၁၈

၂၀၁၀-၂၀၁၁ ခုနှစ် ဘိန်းစိုက်ရာသီအတွင်း ဘိန်းခင်းများ ရှာဖွေဖျက်ဆီးလျက်ရှိရာ ၂၀၁၀ခုနှစ် စက်တင်ဘာ ၁ ရက်မှ ၂၀၁၁ ခုနှစ် မတ် ၆ ရက်အထိ ဘိန်းခင်း ၁၅၇၀၈ ဒသမ၈ဧက ဖျက်ဆီးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ မတ် ၇ ရက်မှ ၁၃ ရက်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်းမှ ဘိန်းခင်း ၄၄၂ဒသမ၃ဧက ထပ်မံဖျက်ဆီးနိုင်ခဲ့သဖြင့် ဘိန်းခင်းစုစုပေါင်း ၁၆၁၅၁ဒသမ၁ဧက ဖျက်ဆီးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

ဖျက်ဆီး

ထပ်မံဖျက်ဆီးနိုင်ခဲ့သည့် ဘိန်းခင်း ၄၄၂ဒသမ၃ဧကအနက် ရှမ်းပြည်နယ် မိုင်းပျဉ်း၊ ကျိုင်းတုံ၊ မိုးမိတ်၊ ကွတ်ခိုင်၊ နမ့်ခမ်း၊ လားရှိုး၊ မန်တုံနှင့် ဆီဆိုင်မြို့နယ်တို့မှ ၄၂၈ဧက၊ ကချင်ပြည်နယ် ပူတာအိုမြို့နယ်မှ ၁၄ ဒသမ ၃ ဧကဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အထူးဈေးရောင်းပွဲတော် ကျင်းပ

နေပြည်တော် မတ် ၁၈

Fortune Int'l Ltd. နှင့် Concordia Int'l Co., Ltd.တို့ ပူးပေါင်း၍ အထူးဈေးရောင်းပွဲတော်ကို မတ် ၁၈ ရက်မှ ၂၁ရက်အထိ ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်း ကျောက်တံတားမြို့နယ်ရှိ Central Hotel ၌ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅နာရီအထိ ကျင်းပလျက်ရှိရာ ဈေးရောင်းပွဲတော်တွင် Fortune Int 'l Ltd. မှ Sigmaဓာတ်လှေကား၊ စက်လှေကား၊ ရွေ့လျားလျှောက်လမ်းများ၊ Shenou တယ်လီဖုန်းလိုင်းခွဲစနစ်များ၊ HYT ဆက်သွယ်ရေးစက်များ၊ လျှပ်စစ်ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းသုံးပစ္စည်းများ၊ Hengtong မီးကြိုးနှင့် Fiber Optics ကြိုးများ၊ Samyung ရေကြောင်းသုံး Radar, GPS Plotter, Echo Sounder များ၊ MTU နှင့် Daewoo အင်ဂျင်များ၊ မီးစက်များ၊ အသည်းရောင်အသားဝါ(B)ကာကွယ်ဆေး(Livovex B) နှင့် အသည်းအားဆေး Hepasel စသည်တို့ကို ပြသရောင်းချလျက်ရှိပြီး မိမိ (GSM) သို့မဟုတ်(CDMA450) ဖုန်းအားခေါ်ဆိုသူများ စောင့်ဆိုင်းချိန်တွင် မိမိရွေးချယ်ထားသော သီချင်းကြားစေသော စနစ်များကို ရှင်းလင်းပြသသွားမည်ဖြစ်သည်။

Concordia Int'l Co., Ltd. မှ Fuji Xerox အမှတ်တံဆိပ် ကာလာလေဆာ Copier, Printer, Scanner, Fax များ၊ AO Size Plotter များ၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ သွေးချိုတိုင်းကိရိယာ၊ သွေးပေါင်ချိန်တိုင်းစက်များ Oxygen Concentrator, Patient Monitor များ၊ RTK နည်းပညာသုံး Differential GPS များ၊Topcon အမှတ်တံဆိပ် Total Station များ၊ Digital Theodolite များ၊ Auto Level များ၊ Garmin အမှတ်တံဆိပ် ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်းသုံး GPS များ၊ GPS နှင့် Phone များ စသည်တို့ကို ပြသရောင်းချလျက်ရှိသည်။

အသေးစိတ်သိရှိလိုပါက Fortune Int'l Ltd. ရန်ကုန် အမှတ် ၁၁/၁၂ ဗဟိုစည်အိမ်ရာ လမ်းမတော်မြို့နယ် ဖုန်း-၀၁-၂၁၁၃၉၂~၄၊ ၂၂၃၉၀၆~၇၊ မန္တလေးမြို့တွင် Great Wall Plaza အခန်းအမှတ်(T4- T5) 31st & 78 th Street ချမ်းအေးသာစံမြို့နယ် ဖုန်း-၀၂-၃၉၆၁၁~၂၊ နေပြည်တော် အမှတ် ၁၃၉ သီရိရတနာအဆင့်မြင့်ဈေး ဖုန်း-၀၆၇-၄၂၀၉၂၉၊ ၀၆၇-၄၂၁၁၈၃ ~ ၈၆နှင့် Concordia Int'l Co., Ltd. ရန်ကုန် (၃/၅)လွှာ ရွှေဂုံပလာဇာ ကမ္ဘာအေးစေတီလမ်း ဗဟန်းမြို့နယ် ဖုန်း-၅၄၄၈၂၄၊ ၅၄၄၈၁၇၀၊ ဖက်စ်-၅၄၄၁၉၉၊ မန္တလေးအမှတ်(၅) မြေညီထပ်(SY)တိုက်တန်း လမ်း(၃၀)၊ (၇၇)လမ်း×(၇၈)လမ်းကြား ချမ်းအေးသာစံမြို့နယ် ဖုန်း-၀၂-၃၆၄၇၈နှင့် ၆၉၃၀၃၊ နေပြည်တော် အမှတ် ၁၄၄ သီရိရတနာ အဆင့်မြင့်ဈေး ဖုန်း-၀၆၇-၄၂၀၈၁၉ နှင့် ၄၂၁၃၆၂တို့ထံသို့ ဆက်သွယ်မေးမြန်းဝယ်ယူနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

သာပေါင်းမြို့နယ် ကျွန်းပုလုရွာအနီး အုတ်ခုံသစ်သားခင်းတံတားအား မတ် ၁၂ရက်က အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမင်းကျော်ခိုင်ဆောက်လုပ်နေမှုကို အမှုဆောင်အရာရှိ ဦးဌေးလွင် ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ကလေးများ စွမ်းရည်ပြိုင်ပွဲ ကျင်းပ

ဆားလင်းကြီး မတ် ၁၈

ဆားလင်းကြီးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကကြီးမှူး၍ ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၈ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဆားလင်းကြီးမြို့နယ်အတွင်းရှိ မြို့မမူကြိုကျောင်း၊ စက်မှု(၁)မူကြိုကျောင်း၊ ဆားထုံးနှင့် ဖောင်းကတာမူကြိုကျောင်းလေးကျောင်းတို့မှ မူကြိုကလေးများအား ကာယ၊ ဉာဏစွမ်းရည်မြှင့်ပြိုင်ပွဲ အမျိုးအစားငါးမျိုးခွဲ၍ကျင်းပရာ ပထမ၊ဒုတိယ၊တတိယ၊ နှစ်သိမ့်ဆုများရရှိသည့် မူကြိုကလေးများအား မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့်အမှုဆောင်များက ဆုများချီးမြှင့်ခဲ့ကြပြီး အလှူရှင်များက ကလေးများအား ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

ထို့နောက် အလှူရှင်များအား မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သီတာသန်းစိုးဦးက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စဉ့်ကိုင်မြို့၌ ဟောပြော

စဉ့်ကိုင် မတ် ၁၈

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး(ကျောက်ဆည်) အစီအစဉ်ဖြင့် စဉ့်ကိုင်မြို့နယ်ရှိ ကွန်ပျူတာတက္ကသိုလ်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲကို မတ် ၁၀ရက် နံနက် ၉ နာရီက ကျင်းပရာ ဟောပြောပွဲတွင် ကွန်ပျူတာတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာ ဒေါ်ဝင်းဝင်းအေးက အမှာစကားပြောကြားပြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန ခရိုင်ရုံး (ကျောက်ဆည်)မှ ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က မော်တော်ဆိုင်ကယ်စီးသူများ လိုက်နာရမည့် စည်းကမ်းများ၊ လမ်းညွှန် လမ်းအမှတ်အသားများ၊ အချက်ပြများ၊ယာဉ်မတော်တဆဖြစ်စဉ်များကို ပရိုဂျက်တာဖြင့်လည်းကောင်း၊ပို့ဆောင်ရေး စီမံကိန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမာက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သိကောင်းစရာများကို လည်းကောင်း**(အောက်ပုံ)**၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ စဉ့်ကိုင်မြို့နယ် ဒုတိယမြို့နယ်မှူး မြင့်အောင်က ယာဉ်မတော်တဆဖြစ်မှုကြောင့် ပြစ်မှု၊ပြစ်ဒဏ်များအကြောင်းကိုလည်းကောင်း ရှင်းလင်းသည်။

အဆိုပါအခမ်းအနားတွင် ခရိုင်ရုံး(ကျောက်ဆည်)က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလက်ကမ်းစာစောင်များ ဝေငှခဲ့ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုမင်္ဂလ ဘဝနတ်ထံ ပျံလွန်တော်မူ

ရန်ကုန် မတ် ၁၈

နိုင်ငံတော်သြဝါဒါစရိယဆရာတော် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ မဟာဝိသုတာရာမကျောင်းတိုက်ကြီး၌ သီတင်းသုံးတော်မူသော သက်တော်(၈၀) သိက္ခာတော် ဝါ(၆၀)ရှိ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုမင်္ဂလသည် ၁၃၇၂ ခုနှစ် တပေါင်းလဆန်း ၁၂ ရက်၊ မတ် ၁၆ ရက် (ဗုဒ္ဓဟူးနေ့) ည ၉ နာရီ မိနစ် ၂၀ တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သြဝါဒါစရိယ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ မဟာဝိသုတာရာမကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တသုမင်္ဂလ (အဂ္ဂမဟာပဏ္ဍိတ)၏ ထေရုပ္ပတ္တိအကျဉ်း

ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်၊ မြို့ဘကျေးရွာ ခမည်းတော် ဦးဖိုးအောင်၊ မယ်တော် ဒေါ်ဖွားကြီးတို့မှ ၁၂၉၂ ခုနှစ် တပေါင်းလဆန်း၁၀ရက်(သောကြာနေ့)တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်သည်။ **(ယာပုံ)**



ရှင်ရဟန်းအဖြစ်သို့ရောက်ရှိတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၃၀၈ခုနှစ် တပို့တွဲလဆန်း ၁၀ရက်နေ့တွင် မြင်းခြံခရိုင်၊ တောင်သာမြို့နယ်၊ မြို့ဘကျောင်းဆရာတော် ဘဒ္ဒန္တနေမိန္ဒကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၁၂ခုနှစ် ပထမဝါဆိုလဆန်း ၇ ရက် (ဗုဒ္ဓဟူးနေ့)တွင် ဘဒ္ဒန္တနေမိန္ဒကိုပင် ဥပဇ္ဈာယ်ပြု၍ ဆရာတော်၏ ပစ္စယာနုဂ္ဂဟဖြင့် မြို့ဘကျောင်းခဏ္ဍာသိမ်၌ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။

ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်သည် မြို့ဘကျောင်းဆရာတော် ဘဒ္ဒန္တနေမိန္ဒ၊ ဘဒ္ဒန္တရေဝတစသော စာချဆရာတော်တို့ အထံ၌လည်းကောင်း၊ မိတ္ထီလာမြို့ သဒ္ဓမ္မဝံသာရုံတိုက် ဆရာတော်ဘဒ္ဒန္တဥတ္တမနှင့် စာချဆရာတော်များ၊ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဆရာတော်အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသုန္ဒရနှင့် စာချဆရာတော်များထံ၌လည်းကောင်း ပါဠိ၊ အဋ္ဌကထာ၊ ဋီကာကျမ်းများကို သင်ယူခဲ့ပြီး၊ မဇ္ဈိမ၊ သံယုတ္တ၊ အင်္ဂုတ္တရနိကာယ်ဂုဏ်ထူး(၃)ကျမ်းနှင့်တကွ ဓမ္မာစရိယစာချတန်းစာမေးပွဲကို အောင်မြင်တော်မူခဲ့သည်။

စာပေပို့ချခြင်းနှင့် သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ၁၃၃၀ပြည့်နှစ်မှစ၍ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့ကို နှစ်ပေါင်း(၄၀)တိုင် ပို့ချတော်မူခဲ့ပြီး ပခုက္ကူမြို့နယ် ဝိနည်းဓိုရ်၊ တိုင်း ဝိနည်းဓိုရ်အဖြစ်လည်းကောင်း၊ ပထမပြန်နှင့် ဓမ္မာစရိယစာမေးပွဲ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ပခုက္ကူမြို့ မဟာဝိသုတာရာမ နိကာယတစ်ခုလုံး၏ မဟာဝိနာယကနှင့် နိုင်ငံတော်သြဝါဒါစရိယအဖြစ်လည်းကောင်း ဆောင်ရွက်တော်မူခဲ့သည်။

ဘွဲ့တံဆိပ်အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် သာသနာတော်အကျိုးသယ်ပိုးဆောင်ရွက်တော်မူပြီး ပရိယတ္တိဆေကဂုဏ်၊ ပဋိပတ္တိမာမကဂုဏ်၊ လဇ္ဇီပေသလသိက္ခာကာမ စသည့် ဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ဆရာတော်အား နိုင်ငံတော်အစိုးရက ၁၃၅၆ (၁၉၉၅)ခုနှစ်တွင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်မြတ်ကိုလည်းကောင်း၊ ၁၃၆၁(၂၀၀၀)ပြည့်နှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်မြတ်ကိုလည်းကောင်း ဆက်ကပ်လှူဒါန်းပူဇော်ခဲ့သည်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၈၀)နှစ်၊ သိက္ခာတော် ဝါ(၆၀)အရ ၁၃၇၂ခုနှစ် တပေါင်းလဆန်း ၁၂ရက်၊ ၁၆-၃-၂၀၁၁ (ဗုဒ္ဓဟူးနေ့)ည ၉နာရီ မိနစ် ၂၀ အချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

စာအုပ်စာပေ လူ့မိတ်ဆွေ

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ခြောက်ထပ်ကြီးဘုရားကြီးတိုက် သာသနာနုဂ္ဂဟကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမိန္ဒသာမိထံ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

✱ ရွှေဖုံးမှ

ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်ကြည်ညိုကြပြီး ဥာပနာတော်များကို သွင်းလှူပူဇော်ကြသည်။

တက်ရောက်ကြည်ညို

မဟာမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုတော်မူသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ကြီးများ၊ ဘွဲ့ခံဆရာတော်ကြီးများနှင့် နေပြည်တော်ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးဉာဏ်ထွန်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် ဇနီး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနား အစီအစဉ်အရ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအထွတ်၌ ဥာပနာတော်သွင်းနှင့် မကိုဋ်တော်တင်လှူခြင်း မဟာမင်္ဂလာအခမ်းအနားကို စတင်ကျင်းပသည်။

ရှေးဦးစွာ ကြွရောက်တော်မူကြသော ဆရာတော်ကြီးများနှင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်တို့ အမှူးပြုသော ပရိသတ်များက နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်သည်။

လှူဖွယ်ဝတ္ထုဆက်ကပ်

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာန နာယက ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသထံ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြစဉ်။

(သတင်းစဉ်)

လှူဒါန်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်တို့ ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။

(သတင်းစဉ်)

ဆက်ကပ်လှူဒါန်း

ထို့နောက် ဘုရားဒါယကာ နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့က သက်တော်ထင်ရှားမြတ်စွာဘုရားရှင်အားရည်မှန်း၍ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအထွတ်၌ သွင်းလှူပူဇော်မည့် ဥာပနာတော်၊ ရတနာတော်၊ ရတနာမကိုဋ်အထွတ်တော်၊ ရတနာမကိုဋ်တော်နှင့် ရွှေသင်္ကန်းတော်တို့ကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေးက ဥာပနာတော်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သန်းဌေးက ရတနာတော်၊ ACE ဆောက်လုပ်ရေးကုမ္ပဏီ ဥက္ကဋ္ဌဦးတင့်ဆန်းက ရတနာမကိုဋ်အထွတ်တော်၊ အင်ဂျင်နီယာများက ရတနာမကိုဋ်တော်နှင့် ရွှေသင်္ကန်းတော်တို့ကို မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအထွတ်သို့ ပင့်ဆောင်ကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့က မင်္ဂလာအချိန်တွင် ဥာပနာတော်များကို သွင်းလှူပူဇော်ကြသည်။

ဆက်လက်၍ ရတနာတော်များကို သွင်းလှူပူဇော်ကြပြီး ရတနာမကိုဋ်တော်နှင့် ရတနာမကိုဋ်အထွတ်တော်တို့ကို တပ်ဆင်ပူဇော်ကြသည်။

ယင်းနောက် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ရွှေသင်္ကန်းတော် ကပ်လှူပူဇော်ကြသည်။ *စာမျက်နှာ ၇ ကော်လံ ၁သို့*

မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့် ဆရာတော်ကြီးများက ဗုဒ္ဓါဘိသိက်သွန်းလောင်းတော်မူကြစဉ်။

(သတင်းစဉ်)

ဆက်ကပ် လှူဒါန်း

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။

(သတင်းစဉ်)

စာမျက်နှာ ၆ မှ

ထို့နောက် မဟာမင်္ဂလာအခမ်းအနားဒုတိယပိုင်း ဗုဒ္ဓါဘိသေကအနေကဇာတင် ဆင်ယင်ခြင်းအစီအစဉ်ကို ဆက်လက်ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားမှူး သာသနာရေးဝန်ကြီးဌာန သာသနာရေး ဦးစီးဌာနမှ ဦးစီးအရာရှိ သဒ္ဓမ္မဇောတိကဓဇ ဦးသူရက လျှောက်ထားတောင်းပန်လွှာကို ဖတ်ကြားလျှောက်ထားသည်။

ရွတ်ဆိုပူဇော်

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်နှင့် ဆရာတော်ကြီးများက ဥဒါန်းပါဠိတော်လာနည်းအတိုင်း အနေကဇာတိ သံသာရံဂါထာတော်၊ ပဋိစ္စသမုပ္ပာဒ် အနုလောမဒေသနာတော်၊ ယဒါဟဝေ ပထမဂါထာတော်၊ ပဋိစ္စသမုပ္ပာဒ် ပဋိလောမဒေသနာတော်၊ ယဒါဟဝေ ဒုတိယဂါထာတော်၊ ပဋိစ္စသမုပ္ပာဒ် အနုလောမ ပဋိလောမ ဒေသနာတော်၊ ယဒါဟဝေ တတိယဂါထာတော်၊ ပဋ္ဌာန်းပစ္စယုဒ္ဒေသပါဠိတော်နှင့် ''ဇယန္တော ဗောဓိယာမူလေ''အစချီသော အောင်ဂါထာတော်တို့ကို ရွတ်ဆိုပူဇော်တော်မူကြပြီး မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ဗုဒ္ဓါဘိသိက် သွန်းလောင်းတော်မူကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်းတို့ ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။

(သတင်းစဉ်)

ယင်းနောက် မဟာမင်္ဂလာအခမ်းအနား တတိယပိုင်းအစီအစဉ်အရ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်မှုဆည်းပူးခြင်း မင်္ဂလာအခမ်းအနားကို ဆက်လက်ကျင်းပသည်။

ကိုးပါးသီလခံယူဆောက်တည်

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသထံမှ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်တို့ အမှူးပြုသော ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ရွတ်ပွားသရဇ္ဈာယ်

ဆက်လက်၍ဆရာတော်ကြီးများက သမန္တာအစချီသော မေတ္တာသုတ်တော်၊ ရတနာသုံးပါးဂုဏ်တော်နှင့် ပုဗ္ဗဏှသုတ်ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။ *စာမျက်နှာ ၈ ကော်လံ ၁ သို့*

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။

(သတင်းစဉ်)

19-3 (07).pmd 1 3/19/2011, 2:29 AM

မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအထွတ်၌ ရတနာမကိုဋ်တော်နှင့် ရတနာမကိုဋ်အထွတ်တော်တို့ကို တပ်ဆင်ပူဇော်ကြစဉ်။ (သတင်းစဉ်)

စာတမ်းဖတ်ကြား

ယင်းနောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး နေပြည်တော်မြို့တော်ဝန် ဦးသိန်းညွန့်က ဗိသုကာအင်ဂျင်နီယာပညာရှင်များအား အမှတ်တရလက်ဆောင်များကို ပေးအပ်ပြီး ဗိသုကာအင်ဂျင်နီယာပညာရှင် ACE ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးတင့်ဆန်းက မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား တည်ဆောက်မွမ်းမံမှုပြီးစီးပြီဖြစ်၍ ဘုရားဒါယကာ၊ ဒါယိကာမများထံ ပြန်လည်အပ်နှံသည့် စာတမ်းကို ဖတ်ကြားသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ထံမှ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့အမှူးပြုသော ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ပြန်လည်ပို့ဆောင်

ယင်းနောက် အခမ်းအနားမှူး သဒ္ဓမ္မဇောတိကဓဇ ဦးသူရကအောင်ဆုမင်္ဂလာ အောင်သြဘာစာတမ်းကို ဖတ်ကြားပြီး ဒေဝဂမနဝေလာဂါထာတော်ကို ဖတ်ကြား၍ နတ်ဗြဟ္မာများအား ပြန်လည်ပို့ဆောင်သည်။

ထို့နောက် ကြွရောက်တော်မူကြသည့် ဆရာတော်ကြီးများ၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် ပရိသတ်များက ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဗိုလ်ချုပ်မှူးကြီးနှင့် ဇနီးတို့က မဟာမင်္ဂလာအခမ်းအနား အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ရတနာရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးပေးကြသည်။

နေ့ဆွမ်းဆက်ကပ်

ထို့နောက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက် ဇမ္ဗူ့ကျက်သရေလမ်းရှိ ဓာတုစယဓာတ်ပေါင်းစုစေတီတော်ပရိဝုဏ်တော်

ဌာပနာတော်များ သွင်...

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ... တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချု... ဒေါ်ကြိုင်ကြိုင်တို့ မဟာမုနိရုပ်ရှင်တော်မြ... တော်များကို သွင်းလှူပူဇော်ကြစဉ်။

အတွင်း ကိန်းဝပ်စံနေတော်မူသော မဟာမုနိရုပ်ရှင်တော်မြတ်ကြီးမှာ ဉာဏ်တော်အမြင့် ၁၂ ပေ ၅ လက်မရှိသည်။

သွန်းလောင်းပူဇော်

ရုပ်ရှင်တော်မြတ်ကြီးကို မန္တလေးမြို့ ရှမ်းပွဲရပ် (၄၂)လမ်းနေ စက်မှုပညာရှင် ဦးမြင့်သိန်းနှင့်ဇနီး ဒေါ်စိန်စိန်သိန်းတို့က သွန်းလောင်းပူဇော်ခဲ့ပြီး နိုင်ငံတော်သို့ လှူဒါန်းခဲ့ခြင်းဖြစ်သည်။

မဟာမုနိရုပ်ရှင်တော်မြတ်ကြီးကို ... စတင်သွန်းလောင်းပူဇော်ခဲ့ပြီး ၉-၉-၂၀၀၉...

ပို့ဆောင်လှူဒါန်း

ထို့နောက် မန္တလေးမြို့ မဟာမုနိရု... ခုနစ်ရက်ကြာ ရင်ငွေ့လှုံပြီးနောက် ၂၀၁၁ ... တွင် နေပြည်တော်သို့ ပို့ဆောင်လှူဒါန်းခဲ့ခြ...

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးဉာဏ်ထွန်းနှင့် ဇနီးတို့ ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ဆက်ကပ်လှူဒါန်း

ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် ဇနီးတို့ ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ... အလှူရှင် ဦးမြင့်သိန်းမိသားစု။

ဗိသုကာအင်ဂျင်နီယာပညာရှင် ACE ဆောက်လုပ်ရေးကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးတင့်ဆန်းက မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား တည်ဆောက်မွမ်းမံမှု ပြီးစီးပြီဖြစ်၍ ဘုရားဒါယကာ၊ ဒါယိကာမများထံ ပြန်လည်အပ်နှံသည့် စာတမ်းကို ဖတ်ကြားစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၇ မှ

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသထံ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ခြောက်ထပ်ကြီး ဘုရားကြီးတိုက် သာသနာနုဂ္ဂဟကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမိန္ဒသာမိထံ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့က ဆရာတော်ကြီးများထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးဉာဏ်ထွန်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် ဇနီးတို့က ဆရာတော်ကြီးများထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃၇၂ ခုနှစ် တပေါင်းလပြည့်နေ့ (ဥပုသ်နေ့)

၁၉-၃-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် - ယောဆရာတော်ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
- ၇:၃၀ ၂။ နံနက်ခင်းသတင်း
- ၇:၄၀ ၃။ မဟာဝံသမြတ်ဗုဒ္ဓ (ဒုတိယပိုင်း) (ကာဠုဒါယီမထေရ် လျှောက်ထားခန်းနှင့် မြတ်စွာဘုရား ကပိလဝတ်ပြည်သို့ ကြွတော်မူခန်း (ဣန္ဒာဆွေ စီစဉ်ရေးဖွဲ့ပူဇော်သည်)
- ၈:၁၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
- ၈:၂၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၈:၃၀ ၆။ **သက်ရှည်ကျန်းမာလေ့ကျင့်ပါ**
- ၈:၄၀ ၇။ **International News**
- ၈:၄၅ ၈။ (၆၆)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၉:၀၀ ၉။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ (၆၆)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၁၁:၂၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၁:၅၀ ၄။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်

၁၃:၁၀ ၁၃:၁၅ ၁၃:၃၀ ၁၅:၀၀ ၄:၀၀ ၄:၀၅ ၄:၂၀

ဥာပနာတော်များ သွင်းလှူပူဇော်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအထွတ်၌ ဥာပနာတော်များကို သွင်းလှူပူဇော်ကြစဉ်။ (သတင်းစဉ်)

မဟာမုနိရုပ်ရှင်တော်မြတ်ကြီးကို ၉-၉-၂၀၀၇ ရက်နေ့တွင် စတင်သွန်းလောင်းပူဇော်ခဲ့ပြီး ၉-၉-၂၀၀၉ရက်နေ့တွင် ပြီးစီးခဲ့သည်။

ပို့ဆောင်လှူဒါန်း

ထို့နောက် မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးတွင် ခုနစ်ရက်ကြာ ရင်ငွေ့လှုံပြီးနောက် ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁၃ ရက်တွင် နေပြည်တော်သို့ ပို့ဆောင်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

(သတင်းစဉ်)

မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား သွန်းလောင်းပူဇော်ခဲ့သည့် အလှူရှင် ဦးမြင့်သိန်းမိသားစု။ (သတင်းစဉ်)

အမှတ်တရ လက်ဆောင်ပေးအပ်

နယ် စပ် ဒေ သ နှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး နေပြည်တော် မြို့တော်ဝန် ဦးသိန်းညွန့် ဗိသုကာအင်ဂျင်နီယာပညာရှင်များအား အမှတ်တရလက်ဆောင် ပေးအပ်စဉ်။

(သတင်းစဉ်)

၈း၁၀	၄။	အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
၈း၂၀	၅။	သံသာချိုအေး မင်္ဂလာတေး
၈း၃၀	၆။	**သက်ရှည်ကျန်းမာလေ့ကျင့်ပါ**
၈း၄၀	၇။	**International News**
၈း၄၅	၈။	(၆၆)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၉း၀၀	၉။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀	၁။	စစ်သည်တေး
၁၁း၁၀	၂။	(၆၆)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၁၁း၂၅	၃။	ချစ်စရာ့အရွယ်ကစားကြမယ်
၁၁း၅၀	၄။	တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၃း၁၀	၅။	**Yan Can Cook**
၁၃း၁၅	၆။	နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ကြိုးတစ်မျှင်** (အပိုင်း-၂၅)
၁၃း၃၀	၇။	**မဟော်သဓာ** (အပိုင်း-၂၂) ဖိုးသောကြာ၊ နဒီဝင့်နိုင် (ဒါရိုက်တာ- စန္ဒရားသန်းဇော်)
၁၅း၀၀	၈။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၀၅	၂။	မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၄း၂၀	၃။	တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲဆုရတေးများ
၄း၃၀	၄။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (သမိုင်း၊ ပထဝီဝင်၊ စိတ်ပညာ၊ အင်္ဂလိပ်စာ၊ ဥပဒေပညာ၊ အရှေ့တိုင်းပညာ၊ ဒဿနိကဗေဒ အထူးပြုများ) (ဒဿနိကဗေဒ)
၄း၄၅	၅။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၄း၅၀	၆။	(၆၆)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၅း၀၀	၇။	ချစ်စရာ့အရွယ်ကစားကြမယ်
၅း၂၀	၈။	**ဓမ္မပူဇာတေး**
၅း၄၀	၉။	**ခါနွေဆန်းစတပေါင်းလ**
၆း၀၀	၁၀။	ညနေခင်းသတင်း
၆း၁၅	၁၁။	မိုးလေဝသအခြေအနေ
၆း၂၀	၁၂။	အလှရှာမယ်လှကမ္ဘာဝယ်
၆း၄၀	၁၃။	နိုင်ငံခြားဇာတ်လမ်းတွဲ **စမ်းရေပမာ** (အပိုင်း-၃၁)
၇း၃၅	၁၄။	**ကြည်ညိုသပ္ပာယ်ဖွယ်ဖူးမြော် ဥပ္ပါတသန္တိစေတီတော်**
၈း၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	**သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ၏ နွေဦးဆောင်းနှောင်းလတပေါင်း** (အပိုင်း-၂)
	၁၉။	မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
	၂၀။	အစီအစဉ်ပြီး၏။

မြတ်ဗုဒ္ဓ ပြည်တော်ဝင်အခါတော်နေ့

ပန်းတောင်းသန်းကြွယ်

မြန်မာလများ၏ ၁၂လမြောက်လမှာ တပေါင်းလဖြစ်သည်။ တပေါင်းလ၏ ပထမလဝက်သည် ဆောင်းရာသီ၌ ပါဝင်၍ ဒုတိယလဝက်သည် နွေရာသီစတင်သည့် အချိန်ကာလဖြစ်သည်။ တပေါင်းလသည် ဆောင်းတစ်ဝက် နွေတစ်ဝက်လဖြစ်၍ နေ့အခါ အနည်းငယ်အပူချိန်တိုးလာပြီး ညအချိန်အခါ၌ အေးမြသည်။ ထိုကြောင့် ''နေ့ပူလို့ ညချမ်း၊ တပေါင်းလသရမ်း'' ဟု ရှေးလူတို့က ဆိုစမှတ်ပြုကြသည်။

စင်စစ်အားဖြင့် တပေါင်းလမှာ ဆောင်းအကုန် နွေအကူးဝယ် အထူးသာယာလှပသော ရာသီဖြစ်သည်။ အင်းဝခေတ်စာဆိုအကျော် ရှင်အုန်းညိုက ''သာသည်ညှင်းညှင်း၊ မြောက်လေကြွင်းနှင့်၊ ဆီးနှင်းမကုန်၊ ပူဟုန်မသည်း၊ ပျံ့ပျံ့ဖြည်းသား''ဟု ဖွဲ့ဆိုခဲ့သည်။ ရဟန်းစာဆိုအကျော် ရှင်ဥတ္တမကျော်ကလည်း သူ၏ တောလားကဗျာကြီး၌ တပေါင်းလ၏သာယာလှပပုံကို ''လေခမြေသက်၊ ဈာန်ဝိတက်သို့၊ သစ်ရွက်ရော်ယီ၊ ဣန္ဒနီဝယ်၊ သိင်္ဂီတစ်ဝက်၊ ဖက်၍ဆေးစုံ၊ ခြယ်သောပုံသို့၊ ရဂုံမြိုင်တွင်း၊ တောလုံးလင်းသား''ဟု ချီးကျူးဖွဲ့ဆိုခဲ့သည်။

ကုန်းဘောင်ခေတ် ပြဇာတ်ဆရာကြီး ဦးကြင်ဥကမူ ''ရှစ်ခွင်တိုင်း၊ မှုန်မှိုင်းတဲ့ပတ်လည်။ သဇင်ကြွင်းငယ်နှင့်၊ အင်ကြင်းသန္တာညွန့်ငယ်တို့ ဖူးကွန့်ကိုက်စည်။ ဘမရာရွှေပိတုန်းငယ်တို့၊ ချွေသုံးကြဝတ်ရည်၊ ဆွတ်ကြည်ဘွဲ့ဖော်ကွဲ။ ယင်းသည့်နေ့ဆိုင်၊ ရသေ့သူတော်တိုင်မှ၊ ဉာဏ်မခိုင် ဈာန်ယိုင်လျှောရတယ်၊ ရာသီတွင် စာညီပြောပေပ၊ ကြော၍သာမြဲ''ဟု တပေါင်းလ၏ စာပန်းချီကို ရေးစီခြယ်သခဲ့သည်။

ခါနွေဆန်းစ ဤကာလတွင် ဝန်းကျင်တစ်ခွင်ရှိ သစ်ပင်ပန်းပင် အပေါင်းတို့မှာ ရွက်ဟောင်းတို့ကြွေပြီး ရွက်သစ်တို့ဝေကြသည်။ ကြည့်မြင်လေရာတွင် စိမ်းလန်းစိုပြည်၍ အထူးသာယာနေသည်။ ''တပေါင်းလည်းကူး၊ မိုးသားကျူး''ဟူသော ရှေးလင်္ကာအတိုင်းပင် မိုးလေမိုးတိမ်တို့ ဟိုမှသည်သို့ တရိပ်ရိပ်ပြေးလွှားဆော့ကစားနေတတ်သည်။ တစ်ခါတစ်ရံ၌မူ ရွာတော့မလို ပြိုတော့မယောင်နှင့် တစ်ခဲနက် စုရုံးနေတတ်သည်။ ရှစ်ခွင်တိုင်းမှုန်မှိုင်းနေသော မိုးတိမ်ရိပ်များကြောင့် ရှုမြင်ရသူတို့မှာ လွမ်းမောဖွယ်ဖြစ်ကြရသည်။

တပေါင်းကို ပုဂံခေတ်ကျောက်စာများ၌ ''တပေါင်''ဟု ရေးထိုးခဲ့ကြပြီး အင်းဝခေတ်တွင် ''တပေါင်း'' ဟု ရေးသားလာကြသည်။ ၂၇ လုံးသော နက္ခတ်များစုပေါင်းထွက်ပေါ်ခြင်းကြောင့် လည်းကောင်း၊ ထန်းရည်များ ပေါင်းစပ်ကျိုချက်သဖြင့် ထန်းပေါင်းဟူသော စကားမှ ရွေ့လျားလာခြင်းကြောင့်လည်းကောင်း တပေါင်းလဟုခေါ်တွင်ကြောင်း ပြောစမှတ်ပြုကြသည်။ ဗေဒင်အလိုအားဖြင့်မူ တပေါင်းလသည် မိန်ရာသီဖြစ်သည်။ ရာသီရုပ်မှာ ငါးနှစ်ကောင်ဖြစ်သည်။ ဥတ္တရ ဘရ ဂုဏ္ဏီ နက္ခတ်နှင့် စန်းယှဉ်သည်။ ရာသီပန်းကား သရဖီပန်းဖြစ်သည်။ ထိုလ၌ နံနက် ၆ နာရီ ၁၀ မိနစ်တွင် နေထွက်၍ ညနေ ၅ နာရီ ၅၀မိနစ်တွင် နေဝင်သည်။ နေ့တာအနည်းငယ်တိုပြီး ညတာရှည်သည်။ မပူလွန်း၊ မအေးလွန်းသော အလွန်နေလို့ထိုင်လို့ကောင်းသည့် လရာသီပင်ဖြစ်သည်။ တပေါင်းလတွင် မြစ်များ၊ ချောင်းများ ရေစစ်ကာ သဲသောင်ခုံများပေါ်ထွန်းလာသဖြင့် သဲပုံစေတီတည်သော ရာသီပွဲတော်များ ကျင်းပလေ့ရှိကြောင်း ရှေးစာပေဟောင်းများတွင် ဖော်ပြကြသည်။ မြန်မာနိုင်ငံတွင် ဗုဒ္ဓသာသနာထွန်းကားလာချိန်မှစ၍ ပေါ်ပေါက်ခဲ့သော ပွဲတော်ဟု ယူဆကြသည်။ မြန်မာဘုရင်များ မရှိတော့သည့်နောက်ပိုင်းတွင် သဲပုံစေတီပွဲတော် ကျင်းပသည့်ဓလေ့မေးမှိန်သွားခဲ့ပြီး တပေါင်းလပြည့်နေ့တွင် ဘုရားပွဲတော်များ ကျင်းပသည့်ဓလေ့များ ပေါ်ပေါက်လာခဲ့သည်။ ထိုသို့ ဘုရားပွဲတော် ကျင်းပခြင်းကိုပင် ''တပေါင်းပွဲတော်''ဟု သတ်မှတ်ခေါ်ဝေါ်လာကြသည်။

သာသနာတော်အလိုအားဖြင့်မူ တပေါင်းလပြည့်နေ့ကို ''ဗုဒ္ဓမြတ်စွာ ပြည်တော်ဝင်အခါတော်နေ့''အဖြစ် သတ်မှတ်ကျင်းပကြသည်။ ဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံး၍ အင်္ဂတိုင်းနှင့် မဂဓတိုင်းတို့မှ ဒါယကာ ဒါယိကာမများအား တရားရေအေး တိုက်ကျွေးလျက်ရှိသည်။ ထိုသတင်းကို ကြားသိသော ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် ခေါင်းဆောင်အမတ်ကြီးဆယ်ဦးကို နောက်ပါအခြံအရံတစ်ထောင်စီဖြင့် ရာဇဂြိုဟ်သို့ ဘုရားပင့်ရန် စေလွှတ်တော်မူသည်။

ဘုရားအပင့်သွားသော အမတ်ကြီး ဆယ်ယောက်နှင့်အတူ နောက်ပါ အခြံအရံတစ်သောင်းတို့သည် ဘုရားတရားနာရ၍ ရဟန္တာဖြစ်ကုန်ကြသည်။ နောက်ဆုံးအသုတ်ကို ဦးဆောင်သွားသော ကာဠုဒါယီအမတ်ကြီးမှာ ရဟန္တာဖြစ်ပြီးနောက် နွေဦးအစ တပေါင်းလအခါသမယတွင် လမ်းခရီး၏ သာယာပုံ၊ ရာသီဥတုမျှတပုံ၊ ခမည်းတော်၏ကျေးဇူးကို သိသောအားဖြင့် ဖွားရာဇာတိ ကပိလဝတ်နေပြည်တော်သို့ ကြွချိန်တန်ပုံတို့ကို ဂါထာပေါင်း ၆၄ဂါထာဖြင့် သီကုံးကာ လျှောက်ထားလေသည်။ ထိုလျှောက်ထားသောနေ့မှာ တပေါင်းလပြည့်နေ့ပင် ဖြစ်သည်။

ကာဠုဒါယီမထေရ်က ဘုရားရှင်အား တပေါင်းလအခါသမယမို့ လမ်းခရီး၏သာယာပုံကို လျှောက်ထားသော ၆၄ ဂါထာကို အင်းဝခေတ်စာဆိုတော်အကျော် ရှင်အုန်းညိုက ပျို့လင်္ကာဖြင့် ဂါထာ ၆၀ပျို့ဟု မှတ်တမ်းတင်ကာ သီကုံးရေးဖွဲ့ခဲ့သည်။

ကာဠုဒါယီမထေရ်လျှောက်ထားသော ဂါထာပေါင်းမှာ ၆၄ ဂါထာ ဖြစ်သော်လည်း ခေါ်ရလွယ်ကူအောင် ဂါထာ ၆၀ပျို့ဟု ခေါ်ကြသည်။

''ဤအခါကား၊
ဟေမာချမ်းဆောင်း၊ ကြွလဲပြောင်းသား
တပေါင်းနွေလ၊ ဂိမ္မနဟု
သာလှပျော်မူ၊ သည်ရတု၌
ညွန့်နုဆဲဆဲ၊ မီးလျှံခဲသို့
ရဲရဲပြောင်ပြောင်၊ တောကုန်အောင်လည်း
ပွင့်ရောင်တိချည်း၊ ဖြစ်ပေါ်ပည်း၏
ခမည်းတော်ကောင်း၊ ပြည်တော်ဟောင်းသို့
ဖူးပေါင်းစိမ့်ငှာ၊ တောင်းပန်ထွာသည်
သွားခါကာလ၊ တန်ပါပြီဘုရား။''

။ ရှင်အုန်းညို ။

ဘုရားရှင် ကပိလဝတ်နေပြည်တော်သို့ ကြွတော်မူခြင်းကြောင့် နိဂြောဓာရုံကျောင်းကြီး ပေါ်ပေါက်လာသည်။ ဂါထာတစ်ထောင်ဖြင့် တန်ဆာဆင်အပ်သော ဝေဿန္တရာဇာတ်တော်ကြီးကို ဟောတော်မူရသည်။ မဟာဓမ္မပါလဇာတ်တော်ကြီးကို နာကြားရသော ခမည်းတော်သုဒ္ဓေါဒနမင်းကြီး အနာဂါမ်တည်လေသည်။ နောင်အခါ အရဟတ္တဖိုလ်ဆိုက်လေသည်။ အလားတူပင် မိထွေးတော်ဂေါတမီလည်း သောတာပန်တည်သည်။ ယသော်ဓရာကို အကြောင်းပြု၍ စန္ဒကိန္နရီဇာတ်တော်ကို ဟောတော်မူသည်။ ညီတော်နန္ဒမင်းသားကို ရဟန်းပြုပေးရသည်။ သားတော် ရာဟုလာ သာမဏေဘဝကို ရရှိသည်။ သာကီဝင် မင်းသားတစ်ထောင်တို့လည်း ရဟန်းဘောင်သို့ ရောက်ရှိလေသည်။ ဆွေတော် မျိုးတော်တို့အား ဘုရားရှင်ကို ကြည်ညိုစေရန် အားထုတ်ရာ၌ အမြတ်ဆုံးဖြစ်သော ကာဠုဒါယီမထေရ်အား ''ကုလပ္ပသာဒကဧတဒဂ်''ဘွဲ့ကို ဘုရားရှင်က ချီးမြှင့်တော်မူလေသည်။

သာယာဖွယ်ပေါင်း၊ စုကာလောင်းသည့်၊ တပေါင်းနွေလအခါသည်ကား ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏ သဲပုံစေတီပွဲ၊ တပေါင်းလပွဲ၊ မြတ်ဗုဒ္ဓပြည်တော်ဝင် အခါတော်နေ့ပွဲများ စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည့် သာယာချမ်းမြေ့ဖွယ်၊ နှစ်သက်မြတ်နိုးဖွယ်၊ ဆွတ်ပျံ့သာမောဖွယ်ကောင်းလှသော အခါသမယကြီး ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပေသည်။ ။

(၆၆)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ခဲ့သော ရေးမြို့ အောင်မင်္ဂလာရပ်ကွက် ပုပ္ပားလမ်း ကတ္တရာထပ်ပိုးလွှာ လမ်းသစ်ဖွင့်ပွဲကို မတ် ၁၆ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးထွန်းနိုင်ဝင်း၊ အမှုဆောင်အရာရှိ ဦးအောင်ထွဋ်နှင့် လမ်းအလှူရှင် ဦးရွှေချန်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

မြဝတီရုပ်မြင်သံကြား

၁၉-၃-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇:၀၄ ၃။ နိုင်ငံတော်သီချင်း
- ၇:၀၅ ၄။ တရားတော်
- ၇:၂၀ ၅။ ဓမ္မပူဇာတေး
- ၇:၂၅ ၆။ မျိုးချစ်တပ်မတော်
- ၇:၃၀ ၇။ မြန်မာ့ရှုခင်း
- ၇:၄၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၅၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ မြဝတီအဖွင့်
- ၁၁:၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၁၁:၁၀ ၃။ နိုင်ငံတော်သီချင်း
- ၁၁:၁၅ ၄။ အဖွင့်သီချင်း
- ၁၁:၂၀ ၅။ မျိုးချစ်တပ်မတော်
- ၁၁:၂၅ ၆။ ကာတွန်းအစီအစဉ် **ချစ်မိတ်ဆွေဗလကြီး** (အပိုင်း-၃၉)
- ၁၂:၀၀ ၇။ ရုပ်မြင်သံကြားဇာတ်လမ်း **ဖော့တီးနဲ့ တွမ်တီး** ကျော်ရဲအောင်၊ စိုးမြတ်နန္ဒာ [ဒါရိုက်တာ-ကြည်စိုးထွန်း]
- ၁၃:၃၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၁၃:၄၅ ၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်မျက်ရည်လေးပြယ်ပါစေ** (အပိုင်း-၅၀)

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄:၀၇ ၃။ နိုင်ငံတော်သီချင်း
- ၄:၁၃ ၄။ အဖွင့်သီချင်း
- ၄:၁၅ ၅။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၆။ ကျန်းမာကြံ့ခိုင်တို့နိုင်ငံ
- ၄:၂၃ ၇။ မြန်မာသံစဉ်
- ၄:၄၀ ၈။ ချစ်သူစုံတွဲတူယှဉ်နွဲ့
- ၄:၅၀ ၉။ ကုန်သွယ်သုတ
- ၄:၅၅ ၁၀။ မီးသတိပေးနှိုးဆော်ချက်
- ၅:၁၀ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
- ၅:၃၀ ၁၂။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
- ၆:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၄။ အမျိုးသားရေးတေးကဗျာ
- ၆:၂၀ ၁၅။ **စားဖို့ဆောင်ချစ်သူ**
- ၆:၅၀ ၁၆။ ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
- ၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြယ်စင်ညီအစ်မများ** (အပိုင်း-၆၇)
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ အမျိုးသားရေးတေးကဗျာ
- ၂၀။ နိုင်ငံတကာသတင်း
- ၂၁။ မိုးလေဝသသတင်း
- ၂၂။ **လူရွှင်တော်စတား**
- ၂၃။ အင်္ဂလိပ်စာသုတ
- ၂၄။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပန်းနုရောင်ချစ်အိပ်မက်** (အပိုင်း-၁)
- ၂၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အိမ်အပြန်လမ်း** (အပိုင်း-၃၇)

ကမာကေး(အထက) မြတ်ဆရာပူဇော်မည်

ချောင်းဆုံ မတ် ၁၈

ချောင်းဆုံမြို့နယ် ကမာကေး (အထက) ရွှေရတုအထိမ်းအမှတ် မြတ်ဆရာပူဇော်ပွဲကို ဧပြီ ၂၂ ရက် (သောကြာနေ့) နံနက် ၉ နာရီတွင် အဆိုပါ ကျောင်း၌ ကျင်းပမည်ဖြစ်ရာ ၁၉၆၀ပြည့်နှစ်မှ ၂၀၁၀ ခုနှစ်အထိ ကမာကေး အထက (ယခင်အလက)၌ ပညာသင်ကြားပို့ချပေးခဲ့သော အငြိမ်းစားဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြရန်နှင့် ဦးအောင်ချစ် ဖုန်း-၀၉-၄၉၂၀၀၇၆၁၊ ဦးအောင်ထွဋ် ဖုန်း-၀၉-၇၃၀၄၃၉၂၇၊ ဦးတင်သိန်း ဖုန်း-၀၉-၅၀၄၆၀၁၈၊ဦးမြင့်သိန်းဖုန်း-၀၉-၅၄၀၁၀၇၉၊ဦးထွေးသန်း ဖုန်း-၀၅၇-၂၄၁၃၁၊ ဦးအေးမောင် ဖုန်း-၀၉-၇၃၀၅၀၆၉၂၊ ဦးလှကြည် ဖုန်း-၀၉-၈၇၂၇၀၆၅၊ ဦးအင်းပဂို ဖုန်း-၀၉-၇၃၀၄၃၉၅၉၊ ဒေါ်အေးအေးမြင့် ဖုန်း-၀၉-၄၉၂၉၀၈၂၉၊ ဒေါ်ထွေးဝင်း ဖုန်း-၀၉-၅၀၉၈၀၇၂၊ ဦးတင်အောင် ဖုန်း-၀၉-၅၁၇၅၁၆နှင့် ဦးအောင်ဇော်မိုး ဖုန်း-၀၉-၇၃၀၉၇၂၀၉ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (၁၃၅)

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်

ကွတ်ခိုင်မြို့မဈေး မီးဘေးလုံခြုံရေးအတွက် ဖေဖော်ဝါရီ ၂၅ ရက်က သရုပ်ပြလေ့ကျင့်နေမှုကို ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့် မြို့နယ်ဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်းတို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)



ကသာမြို့နယ် မြန်မာ့သစ်လုပ်ငန်း ကသာအရှေ့သစ်ထုတ်ရေးဒေသ ရုံးခန်းမ၌ ဖေဖော်ဝါရီ ၂၇ ရက်က ကသာအရှေ့သစ်ထုတ်ရေးဒေသမှ မန်နေဂျာ ဦးသီဟ၊ ကသာခရိုင် မီးသတ်ဦးစီးအရာရှိ ဦးကျုံနမ်းထမ်းနှင့် ဝန်ထမ်းများ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ကြစဉ်။ (ခရိုင် ပြန်/ဆက်)

မတ္တရာမြို့ မြို့မဈေးကြီး မီးဘေးလုံခြုံရေးအတွက် မတ် ၆ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်အောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်မီးသတ်ဦးစီးမှူးတို့ ဈေးအတွင်း ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

လပွတ္တာမြို့နယ် အောင်ဇေယျဈေး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် အဖွဲ့ဝန်ထမ်းများ မတ် ၅ ရက်က သရုပ်ပြလေ့ကျင့်နေမှုကို အမှုဆောင်အရာရှိ ဦးမောင်တိုးနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးဝင်းမြင့်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မင်းပြားမြို့ မြို့မဈေးကော်မတီက မီးဘေးလုံခြုံရေး ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်နေမှုကို မတ် ၁၅ ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးနေလင်းထွန်း၊ အမှုဆောင်အရာရှိ ဦးသိန်းအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

လယ်ယာသန်းခေါင်စာရင်း ကောက်ယူရေး ကွင်းဆင်းစစ်ဆေး

မူဆယ် မတ် ၁၈

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး (စီမံ)ရှမ်းပြည်နယ် (မြောက်ပိုင်း)တာဝန်ခံ ဦးသိန်းဝင်းသည် ဒုတိယပြည်နယ်မြေစာရင်း ဦးစီးဌာနမှူး ဦးတင်ဦး၊ မူဆယ်ခရိုင်မြေစာရင်းဦးစီးဌာနမှူး ဦးကျော်စိန်လင်းတို့ လိုက်ပါလျက် မူဆယ်ခရိုင်အတွင်းရှိ မူဆယ်မြို့နယ်၊ နမ့်ခမ်းမြို့နယ်၊ ကွတ်ခိုင်မြို့နယ်များ၏မြေကြီး၊ မြေပုံ၊ မြေစာရင်းမှန်ကန်ရေးနှင့် လယ်ယာသန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးကြသည်။

ညွှန်ကြားရေးမှူး(စီမံ)နှင့် အဖွဲ့သည် မတ် ၉ ရက်တွင် နမ့်ခမ်းမြို့နယ်မြေစာရင်းဦးစီးဌာန၊ မတ် ၁၀ရက်၌ မူဆယ်မြို့နယ် မြေစာရင်းဦးစီးဌာန၊ မတ် ၁၁ ရက်တွင် ကွတ်ခိုင်မြို့နယ် မြေစာရင်းဦးစီးဌာနတို့တွင် ကွင်းဆင်း၍ ၂၀၁၀-၂၀၁၁ခုနှစ် မြေတိုင်း ရာသီ၌ မြေကြီး၊ မြေပုံ၊ မြေစာရင်း မှန်ကန်ရေးအတွက် ကွက်ကြဲ၊ ကွက်စိပ်တိုင်းတာရန် ဆောင်ရွက်နေမှုများနှင့် ၂၀၁၀ခုနှစ် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းများ နောက်ဆက်တွဲစာရင်းကောက်ယူပြီးစီးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။

(ခရိုင်ပြန်/ဆက်)

ပေးအပ်လှူဒါန်း

ကျောက်တန်းမြို့ ဘိုးဘွားရိပ်သာ ငွေပဒေသာပင်အတွက် ဦးအုန်းဝင်းအား ရည်စူး၍ မတ် ၁၃ ရက်က မြတ်လေးလမ်း မြောက်ဒဂုံ မြို့နယ်နေ ဦးဘချောနှင့် သားသမီး မြေးတစ်စုတို့က အလှူငွေကျပ် ၃၆၀၀၀၀ကို ဘိုးဘွားရိပ်သာ ပြုစုစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းလှရွှေထံ ပေးအပ်လှူဒါန်းစဉ်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့အလင်း ရုပ်ရှင်အမြည်း

မင်္ဂလာရုံ၌ ALL THE BEST ဇာတ်ကားသစ်ရုံဝင်လာ ကြိုးကြာတောင်ပံခတ်သံဇာတ်ကား အောင်ပွဲခံနေဆဲ

ရန်ကုန် မတ် ၁၈

ယခုသီတင်းပတ် မတ် ၁၈ ရက်က ရန်ကုန်မြို့ မင်္ဂလာအဆင့်မြင့်ရုပ်ရှင်ရုံ၌ ALL THE BEST ရုပ်ရှင်ဇာတ်ကားသစ် ရုံဝင်လာသည်။ ဟာသနှောပြီး ရိုက်ကူးထားသော အိန္ဒိယဇာတ်ကားဖြစ်ရာ ပရိသတ်များအတွက် စိတ်အပန်းဖြေပျော်ရွှင်မှုဖြစ်စေမည်မှာ သေချာသည်။

ရိုက်ကူးထား

ALL THE BEST ရုပ်ရှင်ဇာတ်ကားကို ဒါရိုက်တာ ရိုဟစ်စေတီး ရိုက်ကူးထားခြင်းဖြစ်ပြီး အဂျေးဒေ့ဗ်ဂန်း၊



ကိုလင်း (ရုပ်ရှင်သတင်းထောက်)

ဆန်ဂျေးဒတ်၊ မလီကာဆေရာဝတ်တို့က အနုပညာ အရည်အသွေးပြည့်ဝစွာဖြင့် ပါဝင်သရုပ်ဆောင်ထားကြသည်။ လောက၌ ငွေကြေးရှာဖွေရာတွင် ဖြတ်လမ်းမှ ရှာဖွေကြရင်း တွေ့ကြုံရင်ဆိုင်ရသည့် ဖြစ်ရပ်များကို ရယ်မောဖွယ်ရာဖြစ်အောင်ရိုက်ကူးထားခြင်း ဖြစ်သည်။

သမ္မတနှင့်သွင်ရုံတို့တွင် နေတိုး၊ ကျော်ကျော်ဗို၊ အိန္ဒြာကျော်ဇင်၊ ဝိုင်းစုခိုင်သိန်းနှင့် မိုးယုစံတို့ပါဝင်သရုပ်ဆောင်ထားသည့် **ကြိုးကြာတောင်ပံခတ်သံ** ရုပ်ရှင်ဇာတ်ကားပြသနေပြီး ပရိသတ်အားပေးမှုကို တစ်ခဲနက်ခံယူနေဆဲပင်ဖြစ်ပါကြောင်း ရုပ်ရှင်အမြည်းအဖြစ် ရေးသားလိုက်ရပါသည်။ **(မြန်မာ့အလင်း)**

အမရပူရမြို့နယ် တည်ဆောက်ရေးလုပ်ငန်းများနှင့် ရေဆိုးထုတ်မြောင်း မြေထိန်းနံရံတည်ဆောက်ပြီးစီးမှု

မန္တလေးမြို့တော်ဝန် ကြည့်ရှုစစ်ဆေး

မန္တလေး မတ် ၁၈

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန်သည် ကော်မတီဝင် ဦးမြင့်သိန်း၊ ဦးကျော်ဝင်းနှင့်ဌာနမှူးများ လိုက်ပါလျက် ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၉ နာရီက အမရပူရမြို့နယ် ဆောက်တောဝ ကျေးရွာအုပ်စု မင်းရွာအနီးရှိ တောင်အင်း မြောက်အင်း ဒေသတွင် တောင်မြင့်သုသာန်ပြောင်းရွှေ့ရန်အတွက် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် တည်ဆောက်ရေးလုပ်ငန်းများ တိုးတက်မှုအခြေအနေ၊ ရေဆိုးထုတ်မြောင်းတစ်လျှောက် (ထုံးဘို-မြစ်ငယ်ဖြတ်လမ်းမှ တောင်အင်း မြောက်အင်းအထိ) ကျောက်ရိုးစီမြေထိန်းနံရံ တည်ဆောက်ပြီးစီးမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် အမရပူရမြို့နယ် မင်းရွာအနီးတွင် တောင်မြင့်သုသာန်ပြောင်းရွှေ့ရန်အတွက် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိလာရာ သန့်ရှင်းရေးဌာန ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန ဌာနမှူးနှင့် တာဝန်ခံအင်ဂျင်နီယာများက လုပ်ငန်းခွင်အတွင်း၌ ရုံးခန်း၊ ဝန်ထမ်းအိမ်ရာ၊ အအေးခန်း၊ ဇရပ်၊ မီးသင်္ဂြိုဟ်စက်ထားရှိရန် အဆောက်အအုံများတည်ဆောက်ပြီးစီးမှု အခြေအနေ၊ ဆက်လက်ဆောင်ရွက်နေသော တည်ဆောက်ရေးလုပ်ငန်းများနှင့် လောင်တိုက်တည်ဆောက်ရန် မြေနေရာအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

မှာကြား

ထို့နောက် မြို့တော်ဝန်က တည်ဆောက်ရေးလုပ်ငန်းများ သတ်မှတ်ကာလအတွင်းပြီးစီးအောင် ဆောင်ရွက်သွားရေး၊ လုပ်ငန်းခွင်သုံးပစ္စည်းများ အလေအလွင့်မရှိအောင် စနစ်တကျအသုံးပြု ဆောင်ရွက်သွားရေးနှင့် အခြားလုပ်ငန်းလိုအပ်ချက်များကို သန့်ရှင်းရေးဌာန ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန ဌာနမှူးနှင့် တာဝန်ခံအင်ဂျင်နီယာများအား မှာကြားကာ လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။ (ဝ၄ဝ)

သိမ်တော်ကြီး ရေစက်ချမင်္ဂလာ ကျင်းပ

လယ်ဝေး မတ် ၁၇

နေပြည်တော်ခရိုင် လယ်ဝေးမြို့နယ် ကျောက်တလုံးကျောင်းစု စံပြကျေးရွာသစ် ရွာဦးဘုန်းတော်ကြီးကျောင်းဝင်းအတွင်း ဆောက်လုပ်ပြီးစီးခဲ့သော ဝဏ္ဏသိဒ္ဓိမယသိမ်တော်ကြီး ရေစက်ချမင်္ဂလာအခမ်းအနားကို မတ် ၆ ရက် နံနက် ၁၁ နာရီက အဆိုပါကျောင်းတိုက်၌ကျင်းပရာ အခမ်းအနားသို့ လယ်ဝေးမြို့နယ်ဥက္ကဋ္ဌ ဦးအောင်လွင်၊ အတွင်းရေးမှူး ဦးရိုန်လင်းနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များနှင့် ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ကြသည်။

အဆိုပါသိမ်တော်ကြီးကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ မတည်လှူဒါန်းငွေနှင့် ကျေးရွာမှ အလှူရှင်များ၊ ကျေးရွာသူ ကျေးရွာသားများ စုပေါင်းဆောက်လုပ်လှူဒါန်းခြင်းဖြစ်ပြီး စုစုပေါင်းငွေကျပ်သိန်း ၈ဝကျော် ကုန်ကျခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မရမ်းကုန်းမြို့နယ် အမှတ်(၁၆) အခြေခံပညာမူလတန်းကျောင်း မူလတန်းဆင့် ပညာသင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲကို မတ် ၆ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးစိုးနိုင်က စတုတ္ထတန်းကျောင်းသူ မထွယ်ဆန်အောင်အား သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်စဉ်။

(ပညာရေး)

GIS နှင့် Google Earth

လက်တွေ့အသုံးချနည်း သင်တန်းများဖွင့်မည်

ရန်ကုန် မတ် ၁၈

GIS နှင့် Google Earth လက်တွေ့အသုံးချနည်းသင်တန်းကို မတ် ၂၆ ရက်၊ ဧပြီ ၂ ရက်၊ ၃ ရက်နှင့် ၉ ရက် (စနေ၊ တနင်္ဂနွေနေ့)များတွင် နံနက် ၉နာရီမှ ညနေ ၄နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ်ရှိ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် e-Learning Center အဆောင်(၁) အခန်း(၄)၌ ရက်သတ္တနှစ်ပတ် သင်တန်းကာလလေးရက်ကြာ ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။

အစိုးရဌာနဆိုင်ရာအဖွဲ့အစည်းများမှ ဝန်ထမ်းများ၊ နိုင်ငံတကာနှင့် မြန်မာနိုင်ငံအတွင်းရှိ အစိုးရမဟုတ်သောအဖွဲ့အစည်း (NGO) များမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း၊ ဝါသနာရှင်အသင်းတို့မှ အသင်းဝင်များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အသင်းဝင်များ၊ ကျောင်းသား ကျောင်းသူများအတွက် သင်တန်းကြေးကို ၂ဝ ရာခိုင်နှုန်းလျှော့၍ လက်ခံသွားမည်။ အစိုးရဝန်ကြီးဌာနများ၊ တက္ကသိုလ်ကောလိပ်များ၊ သင်တန်းကျောင်းများ၊ ကုမ္ပဏီများ၊ NGO အဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများတွင် GIS သင်တန်းများကို သီးသန့်လာရောက် သင်ကြားပေးစေလိုပါကလည်း ဆက်သွယ်နိုင်သည်။

အသေးစိတ်သိလိုပါက Myanmar Credent Technology အဆောင်(၁) အခန်း(၇) မြန်မာအင်ဖိုတက်ခ် ဖုန်း-၆၅၂၂၈၅ နှင့် ၆၅၂၂၈၆ မသီတာထွန်းအောင်ထံသို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်သည်။ သင်တန်းသားဦးရေ ၂ဝ သာ လက်ခံသင်ကြားမည်ဖြစ်သဖြင့် သင်တန်းတက်ရောက်လိုသူများသည် မတ် ၂၅ ရက် နောက်ဆုံးထားပြီး မှတ်ပုံတင်ကြစေလိုကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြို့နယ်သတင်းထွေတလာ

မြန်မာမိုဘိုင်းလ်စနစ် အသုံးပြုနိုင်မည်

နေပြည်တော် မတ် ၁၈

စံမြန်မာကုမ္ပဏီက ရေးဆွဲတည်ဆောက်သော မြန်မာမိုဘိုင်းလ်စနစ်အသုံးပြုခြင်းနှင့်ပတ်သက်၍ စာနယ်ဇင်းရှင်းလင်းပွဲကို မတ် ၁၃ ရက် နံနက် ၁ဝ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ D&G Food Center ၌ ကျင်းပသည်။

ရှေးဦးစွာ စံမြန်မာကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးထွန်းမြင့်က မြန်မာမိုဘိုင်းလ်စနစ်အသုံးပြုခြင်းနှင့်ပတ်သက်၍ စံမြန်မာကုမ္ပဏီက ရေးဆွဲတည်ဆောက်ခဲ့မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။ **(ဝဲပုံ)**

အသုံးပြုနိုင်

စံမြန်မာ၏ မြန်မာမိုဘိုင်းလ်စနစ်ကို ဟောင်ကောင်တွင် Standard Mobile ကုမ္ပဏီမှ ထုတ်လုပ်သည့် SCM 2012 Model ၌ ထည့်သွင်းအသုံးပြုနိုင်ပြီး မြန်မာနိုင်ငံတွင် မိုဘိုင်းလ်ဖုန်းကိုင်သူများ အဆင်ပြေစေရန် ဆောင်ရွက်ထားသည်။ မြန်မာဘာသာဖြင့် အသုံးပြုထားသောကြောင့် မြို့ပေါ်တွင်သာမက တောနယ်များအထိ မိုဘိုင်းလ်များ ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြုနိုင်မည်ဖြစ်သည်။

အဆိုပါ ဖုန်းအမျိုးအစားကို မကြာမီကာလအတွင်း အမြို့မြို့အနယ်နယ်ရှိ ဖုန်းအပိုပစ္စည်း အရောင်းဆိုင်များတွင် ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ရေပေးရေး တိုးချဲ့မြစ်ရေတင်ရေစက်ရုံ ရေပေးဝေနေမှုလုပ်ငန်းကို စစ်ကိုင်းတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင် မတ် ၁ဝ ရက်က ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင် အမှုဆောင်အရာရှိ ဦးစိုးညွန့်နှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကျိုက်ထိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမြင့်နိုင်ဦးနှင့်အဖွဲ့ ဆောင်ရွက်လျက်ရှိသော သထုံစု-ခဝါချောင်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို မတ် ၇ ရက်က အမှုဆောင်အရာရှိ ဦးစောရွှေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးရဲလွင်တို့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင် ဖေဖော်ဝါရီ ၂၄ ရက်က ပုသိမ်မြို့နယ် မြို့မဈေးအတွင်း သန့်ရှင်းမှုရှိစေရေး ဆောင်ရွက်ထားမှုကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင် အမှုဆောင်အရာရှိ ဦးနေထက်ရှိန် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မူဆယ်မြို့နယ် မန့်ဟီးရိုးမြို့ စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ရန်တိုင်းအောင်ဘုရားလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို မတ် ၈ ရက်က အမှုဆောင်အရာရှိ ဦးသက်ပိုင် ကွင်းဆင်းစစ်ဆေးရာ မြို့တာဝန်ခံ ဦးအောင်မိုင်နှင့် အင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့မဈေး မီးဘေးကာကွယ်ရေးအတွက် ရေစုကန်၊ ရေစင်နှင့် ရေတင်စက်များ ဆောင်ရွက်ထားရှိမှုကို မတ် ၈ ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးငွေဒိုး ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဆန်းအောင် ရှင်းလင်းတင်ပြစဉ်။ (၁၈၃)

ဧအောင်မြေသာစည်

☏: 09-5138657, ☎: 01-538578, 01-514985

☏: 09-5138657, 09-6810662, 09-5099468

မြိတ်မြို့နယ်အသင်း(ရန်ကုန်) ဂုဏပူဇာသဘင်ဖိတ်ကြားလွှာ

မြိတ်ဒေသ ဂုဏ်ဆောင်ဆရာတော်ကြီးများဖြစ်ကြသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတေဇောဘာသ၊ တောကျောင်းစာသင်တိုက်၊ မြိတ်မြို့၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တခေမာစာရ၊ ဆင်ဖြူစာသင်တိုက်၊ ဒိုင်းဝန်ကွင်းရှမ်းစုရပ်၊ မော်လမြိုင်မြို့နှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဝံသ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ရန်ကြီးအောင်ကျောင်းတိုက်၊ အမှတ်(၁၁) ပုလုံးတုံတုံးရပ်ကွက်၊ ကော့သောင်းမြို့တို့(၃)ပါးအား ဂုဏပူဇာသဘင်ကို အောက်ပါအစီအစဉ်အတိုင်း ကြွရောက်ကြည်ညို ပူဇော်နိုင်ကြပါရန် အသင်းဝင်များနှင့် မြိတ်သူမြိတ်သားများအား လေးစားစွာဖိတ်ကြားအပ်ပါသည်-

ကျင်းပမည့်ရက် - ၂၀၁၁ ခုနှစ် မတ် ၂၁ရက် (တနင်္လာနေ့)
ကျင်းပမည့်အချိန် - မွန်းလွဲ ၂ နာရီ
ကျင်းပမည့်နေရာ - ယုဇနဟိုတယ်၊ အမှတ် (၁၃၀)၊ ရွှေဂုံတိုင်လမ်းနှင့် ရေတာရှည်လမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊

မြိတ်မြို့နယ်အသင်း(ရန်ကုန်)၊ ဖုန်း-၂၂၄၃၄၀ သို့ ဆက်သွယ်လျှုဒါန်းနိုင်ပါသည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့။

52000
1.4.2011

ထိပ်တန်း

သူငယ်ချင်းတို့ရေ-

ဒို့တစ်တွေ ဖြတ်သန်းလာခဲ့တဲ့ ဘဝမှတ်တမ်းလေးတွေ ပြုစုဖို့ ရောက်ရာဒေသကနေ ငါတို့နဲ့ဆက်သွယ်ပါ။

တေဇ(၄)မှ ကျောင်းဆင်းအရာရှိများ

တင်ထွန်းအောင် ဖုန်း-၀၉-၅၀၁၅၀၄၃၊ ရဲလင်း ဖုန်း-၀၉-၅၀၄၇၁၄၃၊ မောင်မောင်အေး ဖုန်း-၀၉-၅၀၈၃၂၃၁၊ ချစ်သန်းဝင်း ဖုန်း-၀၉-၅၂၇၅၄၄၁၊ သန်းအောင်ကြည် ဖုန်း-၀၉-၂၀၂၈၉၀၈၊ မင်းဦး ဖုန်း-၀၉-၇၃၀၂၃၁၇၁။

လယ်ယာစပါး ပြည့်အားထား တားဆီးကာကွယ် မီးရန်စွယ်

ပျောက်ဆုံးကြောင်း ကျွန်တော် ဦးအောင်ဌေး CDC 18336 ၏ 4TICKETS-BST ETH PSCRB TANKER WATCHKEEPING လက်မှတ်များ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပါရန်။ **ဖုန်း-၇၁၀၂၂၅။**

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၄၊ မြေကွက်အမှတ် ၁၂၁၃၊ မြေကွက်တည်နေရာ အမှတ် ၁၂၁၃၊ လှော်ကားလမ်း၊ (၂၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် ဦးသိန်းထွန်းအမည်ပေါက်နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဦးသိန်းထွန်း ISN-၁၆၆၇၃၂ ကွယ်လွန်သဖြင့် (၁)ဦးအောင်စိုးထွန်း ၁၂/သဃက(နိုင်) ၀၁၅၉၃၁၆၊ (၂)ဒေါ်လှသန္တာထွန်း ၁၂/ဒဂတ(နိုင်) ၀၀၃၀၁၆၊ (၃)ဦးဇေမင်းထွန်း ၁၂/ဒဂတ(နိုင်)၀၀၃၀၁၅၊ (၄) ဒေါ်ဂန္ဓမာထွန်း ၁၂/သဃက(နိုင်)၀၁၆၁၄၂တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

သတိပဋ္ဌာန်တရားခုနစ်ရက်စခန်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၇/အနောက်ရပ်ကွက်၊ (အဘယာရာမကျောင်း အာဒိကာရုံတိုက်) ဆရာတော်ဘဒ္ဒန္တသောဘဏ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၏ (၁၃)ကြိမ်မြောက် အသိဉာဏ်ပေးအလုပ်ပေးသတိပဋ္ဌာန်တရား ခုနစ်ရက်စခန်းကို ၄-၄-၂၀၁၁ ရက် ညနေ ၄ နာရီတွင် တရားစခန်းစတင်ဖွင့်လှစ်မည်ဖြစ်ပြီး ၁၁-၄-၂၀၁၁ ရက် ညနေ ၄နာရီတွင် တရားစခန်းပြီးဆုံးမည်ဖြစ်ရာ တရားအားထုတ်လိုသော ယောဂီများသည် ၂၅-၃-၂၀၁၁ ရက်နောက်ဆုံးထား၍ အမှုဆောင်များထံတွင် မှတ်ပုံတင်နှင့်တကွ စာရင်းပေးသွင်းနိုင်ကြောင်းနှိုးဆော်အပ်ပါသည်။ **ဖုန်း-၀၉-၅၁၄၀၈၈၁။**

Academy of Medical Science, Engineering & Management Educatin Service & Training Centre
Collaboration with Ealing College U S (London), Princes College (London), London Medical SEMC (for UK, EU Students)
Dr Nyan Lin, PhD, MSc, PGD (Medical Electronics & Physics), London, International E.S.O.L (Mastery Level), London, Medical Adviser (UK)
■Medical English (Advanced Level for MRCPs, Specialists, Radiologists, Doctors, Inter. Level for Medical Students, Nurses, Medical Staff
■International English 4 Skills with Manners (for Business Persons, Engineers, Lecturers, Teachers, University, High School Students
■IGCSE, GCE, IELTS, TOEFL, ■ Preparation for PLAB (UK), ODC (UK), USMLE (USA), AMC (Australia) Examinations
■Certificate, Diploma, Advanced Diploma in... 1. Biomedical Engineering, 2. Electrical & Electronic Eng., 3. Mechanical, Mechatronic Eng., 4. Civil Eng., 5. IT Systems Support Eng.(Networking, Servicing, Application), ■ Business Management Courses

လယ်ယာသန်းခေါင်စာရင်းကောက်ယူရေး ညောင်တုန်းမြို့နယ်၌ ကွင်းဆင်းစစ်ဆေး

ညောင်တုန်း မတ် ၁၆

၂၀၁၁ခုနှစ် မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်း ကောက်ယူရေး လုပ်ငန်း စီမံကိန်းအတွက် FAO ၏ နည်းပညာအကူအညီပေးရေးစီမံကိန်းမှ ကျွမ်းကျင်ပညာရှင် ဦးဝင်းထွန်းနီ၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးစောလှိုင်နှင့် ဗဟိုလယ်ယာသန်းခေါင်စာရင်းရုံးမှ တာဝန်ရှိသူများသည် ဧရာဝတီတိုင်းဒေသကြီး မြေစာရင်းဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးအုန်းမြင့်၊ မအူပင်ခရိုင် မြေစာရင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မြင့်၊ ညောင်တုန်းမြို့နယ် မြေစာရင်းဦးစီးဌာနမှူး ဦးမိုးကျော်လွင်၊ ဒုတိယဦးစီးမှူး ဦးခင်အောင်စိုးတို့ လိုက်ပါလျက် ဖေဖော်ဝါရီ ၂၁ ရက်က ညောင်တုန်းမြို့နယ် ဇီးဖြူကျွန်းကျေးရွာအုပ်စု ဇီးဖြူကျွန်းကျေးရွာနှင့် ဆားမလောက်ကျေးရွာအုပ်စု ဝါးတောကျေးရွာများတွင် လယ်ယာသန်းခေါင်စာရင်းကောက်ယူနေမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။ **(အပေါ်ပုံ)**

ကောက်ယူမည်

ညောင်တုန်းမြို့နယ်တွင် ကျေးရွာအုပ်စုပေါင်း ၄၄ အုပ်စု၊ ကျေးရွာပေါင်း ၃၀၈ ရွာအပါအဝင် မြို့နယ်တစ်ခုလုံးတွင် ဖေဖော်ဝါရီ ၁၅ ရက်မှ မတ် ၃၁ ရက်အထိ လယ်ယာသန်းခေါင်စာရင်းများ ကောက်ယူလျက်ရှိကြောင်း သိရှိရသည်။ **(၀၈၂)**

ကွမ်းခြံကုန်းမြို့နယ်၌ စာပေဟောပြောပွဲကျင်းပ

ကွမ်းခြံကုန်း မတ် ၁၇

ကွမ်းခြံကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပသော (၂၃)ကြိမ်မြောက် စာပေဟောပြောပွဲကို ဖေဖော်ဝါရီ ၁၉ရက်က အမျိုးသားကျောင်းမြက်ခင်းပြင်၌ကျင်းပရာ ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌဦးဝေလင်းက အမှာစကားပြောကြားပြီး မြို့နယ်စာပေနှင့်စာနယ်ဇင်းဥက္ကဋ္ဌ ဦးစံရွှေ(တင်မောင်ထက် ကွမ်းခြံကုန်း)က နှုတ်ခွန်းဆက်စကားပြောကြားကာ ဦးတင်မြင့်(မောင်နီဒါန်း)က မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ၏ သဝဏ်လွှာကို ဖတ်ကြားသည်။

ဟောပြော

ထို့နောက် စာရေးဆရာများဖြစ်ကြသော အမျိုးသားစာပေဆုရ ဆရာမြင်းမူမောင်နိုင်မိုး၊ ထွန်းဖောင်ဒေးရှင်းဆုရ ဆရာဂျက် ကွမ်းခြံကုန်း၊ မောင်သာချိုနှင့် ဆရာအကြည်တော်တို့က စာပေရေးရာများ ဟောပြောကြကြောင်း သိရှိရသည်။ **(စာပေနှင့်စာနယ်ဇင်း)**

ပုလောမြို့ မြို့မဈေးကြီးမီးဘေးလုံခြုံရေးအတွက် မီးငြှိမ်းသတ်ပုံသရုပ်ပြ လေ့ကျင့်ခြင်းကို ဖေဖော်ဝါရီ ၅ ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးဌေးအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးဝင်းမော်၊ မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးဇော်နိုင်ဦးနှင့် မြို့နယ်မီးသတ်တာဝန်ခံ ဦးအောင်ကျော်မြင့်၊ ဈေးအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးပြည်စိုးတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။
(မြို့နယ်စည်ပင်)

သာသနာ့နုဂ္ဂဟအသင်းဝင် အဆိုပြုလွှာပေးအပ်ပွဲကျင်းပ

ရန်ကုန် မတ် ၁၈

မြန်မာနိုင်ငံ နယ်စပ်နှင့်တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓဘာသာ သာသနနုဂ္ဂဟအသင်းဝင် အဆိုပြုလွှာပေးအပ်ပွဲကို မတ် ၆ ရက်က အမှတ်(၁) ရေနံချက်စက်ရုံ(သန်လျင်) စုဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ စက်ရုံမှူး ဦးဖေသက်ညွှန့်နှင့် ခရိုင်သာသနနုဂ္ဂဟအသင်းဥက္ကဋ္ဌ ဦးသိန်းဇော်လေးတို့က အမှာစကားပြောကြားပြီး ခရိုင်သာသနနုဂ္ဂဟအသင်း အမှုဆောင်ဦးမြင့်သိန်းက အသင်း၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်)၏ အသင်းဝင်အဆိုပြုလွှာ ၁၈၀၅စောင်နှင့် အလှူငွေကျပ် ၃၁၃၃၅၀၀ကို စက်ရုံမှူးဦးဖေသက်ညွှန့်က ခရိုင်သာသနနုဂ္ဂဟအသင်းဥက္ကဋ္ဌ ဦးသိန်းဇော်လေးထံ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(၁၈၄)**

မီးဘေးသင့်ပြည်သူများအား ထောက်ပံ့လှူဒါန်း

တမူး မတ် ၁၅

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် တမူးမြို့ စော်ဘွားအင်းအမှတ်(၇) ရပ်ကွက်တွင် မတ် ၇ရက်က လူနေအိမ်ခြောက်လုံး မီးလောင်ကျွမ်းခဲ့ရာ အိမ်ထောင်စု ခုနစ်စု မိသားစုဝင် ၃၆ဦး မီးဘေးသင့်ခဲ့ပြီး အဆိုပါ မီးဘေးသင့်ပြည်သူများအား မတ် ၁၁ရက်တွင် အလှူရှင်များက စုစုပေါင်း ငွေကျပ် ၁၅၅၅၀၀ တန်ဖိုးရှိ စောင်၊ ဓာတ်ဘူး၊ အဝတ်အထည်နှင့် စားသောက်ဖွယ်ရာများကို ကူညီလှူဒါန်းပေးခဲ့သည်။

မီးဘေးသင့်ပြည်သူများအား မတ် ၁၁ရက်အထိ ငွေသား၂၈၀၄၀၀နှင့် စောင်၊ အဝတ်အထည်စသည့် အသုံးအဆောင်ပစ္စည်းများ၊ စားသောက်ဖွယ်ရာပစ္စည်းများ တန်ဖိုးငွေကျပ် ၇၂၅၅၀၀ဖိုး ကူညီလှူဒါန်းပေးခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး China Development Bank ဒုတိယဥက္ကဋ္ဌခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၁၈

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Development Bank ဒုတိယဥက္ကဋ္ဌ Mr. Zhong Shujun ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာ၌ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးနှင့်အတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှသိန်းဆွေ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်ဝင်း၊ *စာမျက်နှာ ၃ ကော်လံ ၁* ◆

19-3 (20).pmd 1 3/19/2011, 2:29 AM